www.thitsarparamisociety.com

သစ္စာရွှေစည်စာစဉ် (၂၈)

# " သဗ္ဗပါရမီ "

## ပါရမီဆယ်ပါး ဖြစ်တရားဒေသနာ

အရှင်ဥတ္တမ
(သစ္စာရွှေစည်)

အရှင်ဝိလာသဂ္ဂါလင်္ကာရ တည်းဖြတ်သည်

www.thitsarparamisociety.com

သစ္စာရွှေစည်စာစဉ်(၂၈) ပုံနှိပ်မှတ်တမ်း

၂၀၁၇-ခုနှစ်၊ အောက်တိုဘာလ၊ အုပ်ရေ(၁၀၀၀၀)

တန်ဖိုး(၂၀၀)ကျပ်

ကွန်ပျူတာစာစီ ♦ မေ့မှုပျူဟာ-ဒေါ်ဌေးဌေးအောင်

ထုတ်ဝေသူ ♦ ဦးသီဟအောင် (၀၁၆၁၆)
သဒ္ဒမ္မစာပေတိုက်၊ အမှတ်(၉၈)၊ ဦးကြင်ဥလမ်း
၃၂-တိုးချဲ့ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊
ရန်ကုန်မြို့။

ပုံနှိပ်သူ ♦ ဒေါ်လှလှမြိုင် (၀၀၁၁၆)
မိဘမေတ္တာပုံနှိပ်တိုက်၊ ၅၄၄-အင်းတော်လမ်း၊
စက်မှုဇုံ(၂)၊ တောင်ဒဂုံမြို့သစ်၊ ရန်ကုန်မြို့။

သစ္စာရွှေစည်စာစဉ်များကို
အုပ် (၁၀၀)နှင့်အထက်
မေ့ဒါနပြုလိုသူများအတွက်
တစ်အုပ်လျှင် (၁၅၀)

www.thitsarparamisociety.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | သစ္စာပါရမီ | ၂ |
| ၂။ | သစ္စာပါရမီဥပမာ | ၃ |
| ၃။ | သစ္စာ၏အဓိပ္ပာယ် | ၅ |
| ၄။ | သစ္စာနှစ်မျိုး | ၅ |
| ၅။ | ပရမတ္ထသစ္စာနှစ်မျိုး | ၈ |
| ၆။ | ဝစီသစ္စာသုံးမျိုး | ၁၀ |
| ၇။ | သစ္စာပါရမီ၏သစ္စာ | ၁၁ |
| ၈။ | သဒ္ဒဟာပနသစ္စာ | ၁၂ |
| ၉။ | ဘိသဇာတ်တော် | ၁၃ |
| ၁၀။ | ဘုရားလောင်း၏ကျိန်စာ | ၁၉ |
| ၁၁။ | မဟာသုတသောမဇာတ် | ၂၀ |
| ၁၂။ | မဟာသုတသောမမင်း၏ကျိန်စာ | ၂၂ |
| ၁၃။ | ကဏ္ဍာပူရဏသစ္စာ | ၂၃ |
| ၁၄။ | သုဝဏ္ဏသာမဇာတ် | ၂၅ |
| ၁၅။ | သုပ္ပါရကဇာတ် | ၂၈ |
| ၁၆။ | သိဝိဇာတ် | ၃၁ |
| ၁၇။ | သိဝိမင်းကြီး၏သစ္စာ | ၃၄ |
| ၁၈။ | ကဏှဒီပါယနဇာတ် | ၃၆ |
| ၁၉။ | ကဏှဒီပရသေ့၏သစ္စာ | ၃၈ |
| ၂၀။ | မဏ္ဍဗျသူကြွယ်၏သစ္စာ | ၃၉ |
| ၂၁။ | မုသာဝိရမဏသစ္စာ | ၄၃ |
| ၂၂။ | ဝိဓူရဇာတ် | ၄၄ |
| ၂၃။ | ဝိဓူရ၏သစ္စာ | ၄၇ |
| ၂၄။ | မုသာဝါဒ၏အပြစ် | ၅၁ |
| ၂၅။ | ရာဟုလောဝါဒသုတ္တန် | ၅၃ |
| ၂၆။ | သစ္စာပါရမီစစ်စစ် | ၅၆ |
| ၂၇။ | တရားအနှစ်ချုပ် | ၅၉ |

www.thitsarparamisociety.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

သာသနာတော်နှစ် ၂၅၆၀-ခု၊
ကောဇာသက္ကရာဇ် ၁၃၇၈-ခု၊ ကဆုန်လပြည့်ကျော်(၇)ရက်၊
(၂၈.၅.၂၀၁၆)၊ စနေနေ့တွင် ဓမ္မဒါနအလှူရှင်
ဒေါ်နုနုဝေ
သား-မောင်နိုင်မိုးအောင်၊ မောင်မင်းရာဇာ၊ မောင်ကျော်ဇင်လင်း
"ပွင့်သစ်ရှင်အထည်ချုပ် မိသားစု" ရွှေပြည်သာတို့၏
ဓမ္မဒါနကို အကြောင်းပြု၍
ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊
တံတားလေးလမ်း၀၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊
ဓမ္မာ့သီရိ ဓမ္မဗိမာန်တွင် ဟောကြားအပ်သည့်

# "သစ္စာပါရမီ"

## ပါရမီဆယ်ပါး မြတ်တရားဒေသနာ

သစ္စာပါရမီတရားတော်ကို ဘယ်ကနေ စတင်ပြီးတော့ ပြောချင်လဲဆိုတော့ ဘုရားလောင်း သုမေဓာရှင်ရသေ့ နတ်တွေ လူတွေ ပူဇော်ထားတဲ့ ပန်းပုံကြီးပေါ်မှာ ထိုင်ရင်းနှင့် ဘုရားအဖြစ်ကို ပြုတတ်တဲ့ ပါရမီတရားတွေကို စဉ်းစားဆင်ခြင်တဲ့ အပိုင်းကနေ စတင်ပြီးတော့ မှတ်သားကြည့်ရအောင်-

www.thitsarparamisociety.com



**နယောတေ ဗွေကာယေဝ၊ ဗုဒ္ဓမွေ့ ဘဝိဿရေ။**
**အညေပိ ဝိစိနိဿာမိ၊ ယေ ဓမ္မာ ဗောဓိပါစနာ။**

ဘုရားအဖြစ်ကို ပြုတတ်တဲ့တရားတွေဟာ ဒါန၊ သီလ၊ နေက္ခမ္မ၊ ပညာ၊ ဝီရိယ၊ ခန္တီဆိုတဲ့ ခြောက်ပါးမျှတင် မကပေဘူး။ နောက်ထပ်လည်းပဲ ဘုရားအဖြစ်ကို ပြုတတ်တဲ့ တရားတွေဆိုတာ ရှိရဦးမယ်ဆိုပြီးတော့ ပါရမီတရားတွေကို စူးစမ်းရှာဖွေတယ်။

**ဝိစိနန္တော တဒါ ဒက္ခိံ၊ သတ္တမံ သစ္စပါရမိံ။**
**ပုဗ္ဗကေဟိ မဟေသီဟိ၊ အာသေဝိတနိသေဝိတံ။**

စူးစမ်း ရှာဖွေတဲ့အခါမှာ ရှေးရှေးသော ဘုရားလောင်းသူတော်ကြီးများ အမြဲမပြတ် မှီဝဲအပ်တဲ့ ခုနစ်ခုမြောက် 'သစ္စာပါရမီ'ဆိုတာကို တွေ့ရတယ်။

**ဣမံ တွံ သတ္တမံ တာဝ၊ ဒဠှံ ကတွာ သမာဒိယ။**
**တတ္ထ အဒွေဇ္ဈဝစနော၊ သမ္ဗောဓိံ ပါပုဏိဿသိ။**

ခုနစ်ခုမြောက်ဖြစ်တဲ့ သစ္စာပါရမီတရားကို သင်ဟာ ဖြည့်ဆည်းမယ်ဆိုရင် သဗ္ဗညုတဉာဏ်ကို ရပြီးတော့ ဘုရားစင်စစ် ဧကန်ဖြစ်လိမ့်မယ်လို့ သူ့ကိုယ်သူ ဆုံးမတယ်။

www.thitsarparamisociety.com



သစ္စာပါရမီကို ဖြည့်ဆည်းဖို့ သူ့ကိုယ်သူ ဆုံးမတဲ့နေရာမှာ တခြားတခြားသော ပါရမီတွေလိုပဲ သစ္စာပါရမီကိုလည်း ဥပမာပေးပြီးတော့ ဆုံးမတယ်။

## သစ္စာပါရမီ၏ဥပမာ

**ယထာပိ ဩသဓီ နာမ၊**
**တုလာဘူတာ သဒေဝကေ။**
**သမယေ ဥတုဝဿေ ဝါ၊**
**န ဝေါက္ကမတိ ဝီထိတော။**

ကောင်းကင်မှာ သွားနေတဲ့ သောက်ရှူးကြယ် (သို့မဟုတ်) သောကြာကြယ်ဆိုတာ ရှိတယ်။ အဲဒီ သောကြာကြယ်ဟာ မိုးခါမှာပဲဖြစ်ဖြစ်၊ နွေခါမှာပဲ ဖြစ်ဖြစ်၊ ဆောင်းခါမှာပဲဖြစ်ဖြစ် သူ့ရဲ့ သွားမြဲလမ်းကြောင်းကို ဘယ်တော့မှ တိမ်းစောင်းတယ်ဆိုတာ မရှိဘူး။ သူ သွားတဲ့လမ်းကြောင်းကိုပဲ အမြဲတမ်း သွားနေတယ်။

သောက်ရှူးကြယ်ဟာ သွားလမ်းကြောင်းကို ဘယ်တော့မှ မတိမ်းစောင်းစေဘဲ အမြဲတမ်း ဒီလမ်းကြောင်းကို သွားသလို-

www.thitsarparamisociety.com



တထေဝ တွမ္ဟိ သစ္စေသု၊
မာ ဝေါက္ကမ ဟိ ဝီထိတော။
သစ္စပါရမိတံ ဂန္တွာ၊
သမ္ဗောဓိံ ပါပုဏိဿသိ။

သင်ဟာလည်းပဲ သစ္စာတရားဆိုတဲ့ အမှန်တရား လမ်းကြောင်းကြီးကို ဘယ်တော့မှ မတိမ်းဘဲ မစောင်းဘဲနဲ့ ပုံမှန် လျှောက်လှမ်းနိုင်မယ်ဆိုရင် သစ္စာပါရမီ တရား ဖြည့်ဆည်းနိုင်မယ်ဆိုလို့ရှိရင် အရဟတ္တမဂ် ဉာဏ် သဗ္ဗညုတဉာဏ်ကို သေချာပေါက် ရလိမ့်မယ်။ အဲသလို သူ့ကိုယ်သူ ဆုံးမတယ်။

ဒီကနေ့ည သစ္စာပါရမီနှင့် ပတ်သက်ပြီးတော့ ဦးဇင်းတို့ ထိုက်သလောက် ပြောနိုင်တာက ကိုယ့်ရဲ့ ဉာဏ်စွမ်းကြောင့် မဟုတ်ပါဘူး။ ကျေးဇူးတော်ရှင် မင်းကွန်းဆရာတော်ဘုရားကြီးရဲ့ ဉာဏ်စွမ်းကြောင့် ပြောနိုင်တာ။ ဆရာတော်ဘုရားကြီးက မဟာဗုဒ္ဓဝင် သစ္စာပါရမီအခန်းမှာ အကျယ်တဝင့် အသေးစိတ် အများကြီးရေးပြတယ်။ အဲဒါတွေ အကုန်လုံးကိုလည်း ဒီအချိန်တိုလေးအတွင်းမှာ စုံအောင် မပြောနိုင်ပါဘူး။ ဒကာ ဒကာမတို့၊ ဦးဇင်းတို့နှင့် အံဝင်ခွင်ကျဖြစ်မယ်

www.thitsarparamisociety.com



ထင်တာလေးတွေကိုပဲ ရွေးပြီးတော့ ပြောပါမယ်။

## သစ္စာ၏အဓိပ္ပာယ်

သစ္စာဆိုတာနှင့် ပတ်သက်ပြီးတော့ သစ္စာဆိုတာ ဘာလဲဆိုတာက စတင်ပြီးတော့ ပြောကြည့်ရအောင်။

သစ္စာဆိုတာ အမှန်တရားလို့တော့ အကြမ်းဖျင်းနားလည်ထားကြပြီးသား။ သစ္စာဆိုတဲ့ အမှန်တရားကလည်း အမျိုးမျိုးရှိတယ်။ မှန်တယ်ဆိုတာ အဆင့်အမျိုးမျိုး ရှိတယ်ဆိုတဲ့သဘောပါပဲ။

## သစ္စာနှစ်မျိုး

ပထမအခြေခံအားဖြင့် သစ္စာဆိုတာကို သမုတိသစ္စာရယ် ပရမတ္ထသစ္စာရယ်လို့ နှစ်မျိုးနားလည်ထားရမယ်။

## သမုတိသစ္စာ

သမုတိသစ္စာဆိုတာက အားလုံးက ဝိုင်းပြီးတော့ ဒါဟာ ဒါပဲလို့ သမုတ်ထားလို့ မှန်တဲ့အမှန်တရား။ တကယ့်ဉာဏ်နဲ့ စိစစ် ဝေဖန်မယ်ဆိုရင် သူက မှန်တယ်လို့ မဆိုနိုင်ဘူး။ ဆိုကြပါစို့.. ဒီနားမှာ ထိုင်နေ

www.thitsarparamisociety.com



တာ ဘာတွေလဲလို့ မေးရင် လူတွေလို့ ပြောရမယ်။ ဒါ မှန်တယ် လူတွေပဲလေ။ အားလုံးက ဒါဟာ လူတွေပဲလို့ ပြောထားလို့ မှန်နေတာ။ အားလုံးက ဒါကို ဒီလို ခေါ်တယ်လို့ သမုတ်ထားလို့ မှန်တဲ့အမှန်တရား။

လောကကြီးမှာ ဒီ အမှန်တရားကလည်းပဲ အလွန်တရာမှ အရေးပါတယ်။ ဒါကို ဖောက်ဖျက်လို့ ရှိရင် သူလည်းပဲ မုသာဝါဒဖြစ်နိုင်တာပဲနော်။ သို့သော် ဒီသမုတိသစ္စာဆိုတာက ဉာဏ်ပညာရဲ့ နယ်ပယ် မဟုတ်ဘူး။ သူက သညာရဲ့နယ်ပယ်။ မှတ်သားထားတာ။ ဒါကို ဒီလိုမှတ်ထားရင် ဒီလိုပဲ၊ ဒါပဲလို့ မှတ်ထားရင် နောက် အဲ့ဒါနဲ့ တိုက်ဆိုင်ရင် ဒါဟာ ဒါပဲလို့ ပြောလိုက်တဲ့ဟာ။

သမုတိရဲ့နယ်ပယ်ကလည်း အလွန်တရာမှ ကျယ်ပြန့်တယ်။ အိမ်တွေ ကျောင်းတွေ တိုက်တွေ လမ်းတွေ အရာဝတ္ထု၊ ဒြပ် ပုံသဏ္ဍာန်အမျိုးမျိုး ဒါတွေ အကုန်လုံးက သူ့နာမည်နဲ့သူ အသီးသီး မရှိဘူးလား၊ ရှိတယ်။ အဲ့ဒါတွေအကုန်လုံးဟာ သူ့ဟာနဲ့သူ အသီးသီး မှန်တယ်။ ကားဆိုရင်လည်း ကားလို့ပြောမှ မှန်မှာပေါ့။ နာရီဆိုရင်လည်း နာရီလို့ပြောမှ မှန်မှာ။

www.thitsarparamisociety.com



ဒါ ဘာလဲဆိုရင် 'သမုတိသစ္စာ'။

## ပရမတ္ထသစ္စာ

ပရမတ္ထသစ္စာဆိုတာက အဲ့ဒါမျိုး မဟုတ်ဘူး၊ သူက ဉာဏ်ပညာရဲ့ နယ်ပယ်။ သူက တကယ်ရှိတဲ့ တရား။ သမုတိသစ္စာဆိုတာ တကယ်ရှိ၊ တကယ် မှန်တာ မဟုတ်ဘူး။

ဆိုကြပါစို့… စောစောတုန်းက လူဆိုတာကြီး ကိုပဲ ခေါင်းကြီးကို ကိုင်ပြပြီး ဒါလူလားလို့မေးရင် လူဆိုတဲ့နာမည် မဟုတ်တော့ပြန်ဘူး။ ခေါင်းဆိုတဲ့ နာမည် ဖြစ်သွားပြန်တယ်။ အဲ့ဒီခေါင်းကိုမှ ဆံပင်ကို ကိုင်ပြီးတော့ ဒါက ခေါင်းလား၊ လူလား၊ ဆံပင် လားလို့ မေးတော့ ဆံပင်လို့ ဖြစ်သွားပြန်တယ်။ ကဲ သူက အမျိုးမျိုး ပြောင်းနေတာ။

ပရမတ္ထသစ္စာကျတော့ အဲ့သလိုမျိုး မဟုတ်ဘူး။ စိတ်ဆိုရင်ဘာလဲ အာရုံကို သိတယ်။ ဒါ မှန်တယ်။ ရုပ်ဆိုရင်ဘာလဲ တစ်မျိုးတစ်မည် အမြဲတမ်း ဖောက် ပြန်တယ်။ အပူနဲ့တွေ့ရင် တစ်မျိုး၊ အအေးနဲ့တွေ့ရင် တစ်မျိုး။ ဒါဟာ သူ့ရဲ့သဘော သဘာဝပဲ၊ အဲ့ဒါကို ဘာလို့ခေါ်တုန်း… 'ပရမတ္ထသစ္စာ'။

www.thitsarparamisociety.com



# ပရမတ္ထသစ္စာနှစ်မျိုး

ပရမတ္ထသစ္စာနှင့် ပတ်သက်ပြီး တလက်စတည်း သိစရာ နားလည်စရာလေးတွေကို ခွဲခြားပြီး ပြောချင်တယ်။ ပရမတ္ထသစ္စာကို သဘာဝသစ္စာရယ်၊ အရိယသစ္စာရယ်လို့ နှစ်ပိုင်းခွဲပြီးတော့ နားလည်ဖို့ လိုသေးတယ်။

## သဘာဝသစ္စာ

သဘာဝသစ္စာဆိုတာက သူ့ရဲ့သဘောအတိုင်း ပင်ကိုယ်သဘောအတိုင်း မှန်နေတဲ့သစ္စာ။

ဆိုကြပါစို့ . . . ပရမတ္ထသစ္စာတွေထဲက ဒုက္ခဝေဒနာဆိုရင် ဒါ ဆင်းရဲတယ်ပေါ့။ သုခဝေဒနာဆိုရင် ချမ်းသာတယ်ပေါ့။ ပရမတ္ထသစ္စာထဲကမှ သဘာဝသစ္စာရဲ့သဘော။ ရုပ်ဆိုရင် ဖောက်ပြန်တယ်။ နာမ်ဆိုရင် အာရုံကို သိတတ်တယ်။ မှတ်သားတတ်တယ်။ စေ့ဆော်တယ်။ ဒါ သူတို့ရဲ့ အသီးသီး သဘာဝလက္ခဏာလေးတွေနဲ့ မှန်နေတာ။ ပရမတ္ထတရားတို့ရဲ့ အသီးသီး သူတို့ရဲ့ ပင်ကိုယ်လက္ခဏာအတိုင်း မှန်နေတဲ့ အမှန်တရား။

www.thitsarparamisociety.com



## အရိယသစ္စာ

အရိယသစ္စာဆိုတာကျတော့ အဲ့သလိုမဟုတ်တော့ပြန်ဘူး။ အရိယသစ္စာဆိုတာက ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာလို့ သစ္စာလေးပါး။

သဘာဝသစ္စာအရ ဒုက္ခဝေဒနာသည် ဆင်းရဲတယ်။ သုခဝေဒနာသည် ချမ်းသာတယ်။ ဟုတ်တယ် မှန်ခဲ့တယ်။

သို့သော် အရိယသစ္စာ ရှုထောင့်က ကြည့်မယ်ဆိုလို့ရှိရင် ဒုက္ခဝေဒနာလည်း ဆင်းရဲတယ်။ သုခဝေဒနာလည်း ဆင်းရဲတယ်။ သုခဝေဒနာသည် သဘာဝသစ္စာအရ ချမ်းသာတာ မှန်သော်လည်း အရိယသစ္စာအရ ဆင်းရဲတယ်။

ဒါကြောင့် အရိယသစ္စာကမှ အဆုံးစွန် အမှန်တရား။ သူ့ကိုသိရင် အရိယာအဖြစ်ကို ပြုတတ်တယ်။ တစ်နည်းအားဖြင့် အရိယာသူတော်ကောင်းကြီးများ ထိုးထွင်းပြီးတော့ သိတဲ့မြင်တဲ့ အမှန်တရား။ ဒါကို မြင်မှ ဒုက္ခ တကယ်ငြိမ်းမှာ။

လောဘသည် ဒုက္ခရဲ့ အကြောင်းတရားဖြစ်တယ်လို့ မြင်ရမယ်။ အဲဒါအရိယသစ္စာ။ လောဘ

www.thitsarparamisociety.com



ချုပ်ခြင်းသည် ဒုက္ခချုပ်ခြင်းဖြစ်တယ်လို့ မြင်တာ နိရောဓသစ္စာ။ မဂ္ဂင် ၈-ပါးသည် ဒုက္ခငြိမ်းရာသို့ ဆိုက်ရောက်စေသော လမ်းကြောင်းဖြစ်တယ်ဆိုတာကို သိတာ မဂ္ဂသစ္စာ။ အမှန်တရားတွေ အခိုင်းစွန်သော အမှန်တရားတွေပေါ့ ဟုတ်လား။ အရိယာသစ္စာဆိုတာကတော့ တန်ဖိုးအကြီးမားဆုံး။

## ဝစီသစ္စာသုံးမျိုး

ဒီကနေ့ည ဦးဇင်းတို့ သစ္စာပါရမီမှာ ပြောမယ့် သစ္စာက အဲဒီသစ္စာတွေ မဟုတ်ဘူး။ ဘယ်လို သစ္စာလဲဆိုတော့ 'ဝစီသစ္စာ'။

ဝစီသစ္စာဆိုတာကလည်း သုံးမျိုးရှိတယ်။

(၁) **သဒ္ဒဟာပနသစ္စာ**။ သဒ္ဒဟာပနသစ္စာ ဆိုတာက ကိုယ့်ကို သူများက ယုံကြည်ဖို့အတွက် သစ္စာဆိုပြီးတော့ ပြောတာ။

တစ်စုံတစ်ခုသော အကြောင်းကြောင့် အခြားသောသူတွေက ကိုယ့်အပေါ်မှာ ယုံကြည်မှု မရှိဘူးဆိုရင် ငါဟာ မင်းတို့ထင်သလို မဟုတ်ပါဘူး။ ငါ့ရဲ့ သဘောသဘာဝ အမှန်က ဒီတိုင်းပါလို့ ကိုယ့်ကို သူများ ယုံကြည်ဖို့အတွက် သစ္စာစကား ဆိုပြီးတော့

www.thitsarparamisociety.com



ပြောတာ။

(၂) **ဣစ္ဆာပူရဏသစ္စာ**။ ကိုယ့်ရဲ့လိုအင်ဆန္ဒ တစ်စုံတစ်ခု ပြည့်ဝသွားစေဖို့ သစ္စာစကား အမှန်တရားကို ဆိုပြီးတော့ တောင့်တမှုနဲ့ ဆိုလိုက်တဲ့သစ္စာ။ တစ်ခုခုဖြစ်ချင်လို့ သို့မဟုတ် ဘေးအန္တရာယ်က လွတ်ချင်လို့ ဆိုလိုက်တဲ့ သစ္စာစကားမျိုးပေါ့။

(၃) **မုသာဝိရမဏသစ္စာ**။ မှားယွင်းတဲ့ စကားကို ရှောင်ကြဉ်တာ။ မှားယွင်းတဲ့စကားကို ရှောင်ပြီးတော့ မှန်ကန်တဲ့စကားကို ပြောဆိုတာ။ ဒါကို မုသာဝိရမဏသစ္စာ။ သစ္စာပါရမီဖြစ်ဖို့ အဓိက ကျင့်သုံးရမယ့် သစ္စာတရားပဲ။ သစ္စာပါရမီဖြည့်ဖို့ အရေးအကြီးဆုံး သစ္စာတရားပါပဲ။

## သစ္စာပါရမီ၏သစ္စာ

ဘဝမှာ လိုချင်တယ်ဆိုတဲ့ အကြောင်းတစ်ခုကြောင့် မှားတာကို ပြောဖို့ အခွင့်ကြုံလာတာမျိုး ရှိတတ်တယ်။ ဘေးအန္တရာယ် တစ်စုံတစ်ခုကြောင့် မှားတာကြီးကို ပြောလိုက်မှ ဘေးလွတ်မယ့် အနေအထားမျိုးလည်း ကြုံရတတ်တယ်။ အဲ့သလို ကြုံတဲ့အခါမှာ ရချင်လို့ပဲဖြစ်ဖြစ်၊ ကြောက်လန့်လို့ပဲဖြစ်ဖြစ် မှားတာ

www.thitsarparamisociety.com



ကြီးတော့ ငါ မပြောဘူးကွာ၊ ငါ ရချင်တာလည်း မရချင် နေပါစေ၊ တွေ့ချင်တဲ့ဘေးလည်း တွေ့ပါစေ။ ငါတော့ မှန်တာကိုပဲ ပြောမယ်။

မှားယွင်းတဲ့ စကားကိုတော့ လောဘတည်းဟူသော အကြောင်းကြောင့်လည်း ငါ မပြောဘူး။ ဒေါသတည်းဟူသော အကြောင်းကြောင့်လည်း ငါ မပြောဘူး။ မောဟတည်းဟူသော၊ မသိခြင်းတည်းဟူသော အကြောင်းကြောင့်လည်း ငါ မပြောဘူး။ ငါသည် မှန်တာကိုပဲ ပြောတော့မယ်။ အဲဒါ ဘာတုန်း၊ မုသာဝိရမဏသစ္စာ။

ဒီသစ္စာက အလိုအပ်ဆုံး ဖြည့်ဆည်းရမယ့် သစ္စာပါရမီပဲ။ အခုပြောခဲ့တဲ့ သစ္စာ ၃-ပါးနဲ့ ပတ်သက်ပြီးတော့ အသေးစိတ်လေးတွေ ဦးဇင်းတို့ ပြောပါမယ်။ ပထမ ဘယ်ကနေ ဦးဇင်းတို့ စတင် ပြောချင်သလဲဆိုတော့-

## သဒ္ဒဟာပနသစ္စာ

နံပတ်တစ် သဒ္ဒဟာပနသစ္စာ ဆိုတာကနေ စ ပြောမယ်။ သဒ္ဒဟာပနသစ္စာဆိုတာ ကိုယ့်ကို သူများက ယုံကြည်စေချင်လို့ ပြောတဲ့သစ္စာစကား။

www.thitsarparamisociety.com



## ဘိသဇာတ်တော်

သဒ္ဒဟာပနသစ္စာနှင့် ပတ်သက်ပြီးတော့ ၅၅၀ ဇာတကနိပါတ်တော်မှာ ဘိသဇာတ်ဆိုတာ ရှိတယ်။ ရှေး သူတော်ကောင်းကြီးတို့ရဲ့ သဘောသဘာဝကို အလွန်မှ မြတ်နိုးစရာ ကြည်ညိုစရာအနေနှင့် မှတ်သားစရာကောင်းတဲ့ ဇာတ်တော်ပါ။

အဲဒီဇာတ်တော်မှာ ဘုရားလောင်းသူတော်ကောင်းကြီးအမည်က မဟာကဉ္စနသတို့သား။ သူ့မှာ ညီ ၆-ယောက် ညီမ ၁-ယောက်ရှိတယ်။ အားလုံးပေါင်း မောင်နှမ ၈-ယောက်ပေါ့။

အမေ၊ အဖေ သေသွားပြီဆိုတော့ သူတို့က စည်းစိမ်တွေ အကုန်လုံးကို စွန့်ပြီး ရသေ့ဝတ်ကြမယ်ဆိုပြီးတော့ မောင်နှမ ၈- ယောက် စိတ်တူသဘောတူပဲ ဟိမဝန္တာ ဝင်ကြတယ်။

ရသေ့ဝတ်ကြမယ်ဆိုတော့ မိတ်ဆွေဖြစ်တဲ့ ဒကာတစ်ယောက်၊ ဒကာမတစ်ယောက်က သူတို့လည်း လိုက်ချင်တယ်၊ အဲ့ဒါနဲ့သူတို့ကိုလည်း ခေါ်ရတယ်ပေါ့။ ကျွန်မ တစ်ယောက်ကလည်းပဲ သူလည်းပဲ လိုက်ချင်တယ်ဆိုတော့ ခေါ်ရတယ်။ ဘယ်နှယောက်

www.thitsarparamisociety.com



ဖြစ်သွားသလဲဆိုတော့ ၁၁-ယောက် ဖြစ်သွားတယ်။

တောထဲရောက်ပြီဆိုတော့ ဘုရားလောင်းက တစ်ယောက် တစ်နေရာ ခွဲပြီးတော့ နေရမယ်။ အရေးကြုံမှ စကားပြောရမယ်။ တစ်နေရာစီမှာ နေပြီးတော့ တရားကို ဖောက်ချပြီးတော့ လုပ်ရမယ်။ ငါ တစ်ယောက်တည်း မင်းတို့ကို အစာရှာကျွေးမယ် မင်းတို့ ဒီအတိုင်းပဲ တရားကို အေးဆေးလုပ်ကြလို့ ပြောတယ်။

အဲဒီတော့ ညီတွေက ဟာ·· အဲဒါ မဟုတ်ပါဘူး၊ အစ်ကိုကြီးက ဆရာကြီးနေရာမှာ နေပါ။ ညီလေးတို့ပဲ အစာအာဟာရ အလှည့်ကျ ရှာပါ့မယ် လို့ဆိုပြီး အလှည့်ကျ ရှာကြတယ်။

နောက်တော့ အလွန်ကို ရောင့်ရဲတဲ့ စိတ်ဓာတ်တွေနှင့် နေကြတာဆိုတော့ သစ်သီးသစ်ဥသစ်ဖုတွေကို သွားပြီးတော့ မရှာတော့ဘူး။ သူတို့နေတဲ့ နေရာနားမှာ ကြာကန်ကြီးတစ်ခု ရှိတယ်။ အဲဒီ ကြာကန်ထဲက ကြာစွယ်တွေကိုပဲ ချိုးပြီးတော့ စားကြတယ်။

ကြာစွယ်တွေကို ရှာရှာပြီးတော့ သင်္ခမ်းကျောင်း တစ်ခုထဲမှာ အပုံလေးတွေ ၁၁-ပုံ ပုံထား။ ပြီးရင်

www.thitsarparamisociety.com



ကျောက်စည်လေး ထိုးလိုက်တယ်။ အဲဒါ ကိုယ့်အပုံလေး ကိုယ် ယူပြီးစားရုံပဲ။ တစ်ယောက်မှ စကားပြောဖို့ အခွင့်မရှိဘူး။

အဲဒီလိုနဲ့ နေကြပြီး ပြင်းပြင်းထန်ထန် ကျင့်တဲ့အခါကျတော့ သိကြားမင်းရဲ့ ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာ တင်းတယ် ပူတယ်ဆိုတဲ့ အခြင်းအရာကို ပြတယ်ပေါ့။ ငါ့ရဲ့နေရာကိုများ ရည်မှန်းပြီး ဒီလူတွေကျင့်နေကြသလားပေါ့။ သိကြားမင်းအတွက် နည်းနည်း စိုးရိမ်စရာ ဖြစ်တယ်လို့ ဆိုကြပါစို့။

အဲဒါနဲ့ ဒီလူတွေဟာ ဘယ်လိုစိတ်ထားနဲ့ ကျင့်နေသလဲဆိုတာ သိရအောင် ငါ စုံစမ်းမယ်ဆိုပြီးတော့ သိကြားမင်းက ဘာလုပ်လဲဆိုတော့ ဘုရားလောင်း သူတော်ကောင်းကြီးဖို့ ထားတဲ့ ကြာစွယ်အပုံကို ဝှက်ထားလိုက်တယ်။

ဘုရားလောင်းက အဲဒီနေ့မှာ လာကြည့်တော့ သူ့ဖို့ပုံထားတဲ့ ဝေစု မရှိဘူး။ မရှိတဲ့ခါကျတော့ သူတော်ကောင်းကြီးဆိုတော့ အော်·· ငါ့ရဲ့ညီလေးတွေ ငါ့အတွက် မေ့နေကြတာနဲ့ တူတယ်လို့တွေးပြီး ဘာမှ မပြောဘဲနဲ့ အဲဒီတစ်ရက် အငတ်ခံလိုက်တယ်။ နောက်

www.thitsarparamisociety.com



နေ့ရောက်တော့လည်း သိကြားမင်းက သူ့ရဲ့ဝေစုကို ဖုက်ထားပြန်တယ်။

အဲဒီလို ဖုက်ထားတဲ့အခါကျတော့ ဘုရားလောင်းက အော် ဒီနေ့တော့ ငါ့မှာ အပြစ်တစ်ခုခုရှိလို့ ငါ့အတွက် ဝေပုံကျကို မထားတာနဲ့ တူတယ်လို့ စဉ်းစားတယ်။

တတိယနေ့မှာလည်း ဝေစုက မရှိပြန်ဘူး။ ဖုက်ထားပြန်တယ်။ ဒီတော့ ဘုရားလောင်းက ငါ့မှာ အပြစ်ရှိတာ သေချာပြီ။ ညနေကျရင်တော့ ငါ တောင်းပန်ရမှာပဲ။ ငါ့မှာ ဘာအပြစ်ရှိလို့ ငါ့အတွက် ဝေစု မထားကြတာလဲလို့ စဉ်းစားတယ်။ သူများကို အပြစ်လုံးဝ မတင်ဘူးနော်။

ညနေပိုင်းရောက်တော့ အကုန်လုံး စုဝေးပြီးတော့ သူ့ရဲ့ ညီတွေ နှမတွေကို ပြောတာပေါ့။ ငါ့အတွက် ဝေစုမရတာ သုံးရက်ရှိပြီ။ အဲဒီတော့ ငါ့မှာ ဘာအပြစ်ရှိလို့ ငါ့အတွက် ဝေစုကို မထားကြတာလဲ။ တကယ်လို့ အပြစ်ရှိတယ်ဆိုရင်လည်း ပြောပါ။ ငါ တောင်းပန်ပါ့မယ်။

အဲဒီလို ပြောတဲ့အခါကျတော့ အလှည့်ကျ

www.thitsarparamisociety.com



ကြာစွယ်ရှာတဲ့ လူတွေက နေ့တိုင်း ၁၁-ပုံ သူတို့ ပုံပါတယ်ပေါ့။

ဒီတော့ ဘုရားလောင်းက နေ့တိုင်း ၁၁-ပုံ ပုံလို့ရှိရင် ငါ့အတွက်ဝေစုကို တို့ထဲက တစ်စုံ တစ်ယောက်ကတော့ မသိအောင် ခိုးပြီးတော့ စားပြီ။ အဲဒီတော့ တို့ ၁၁-တစ်ယောက်ထဲမှာ သူခိုးတစ်ယောက် ရှိပြီလို့လည်းဆိုလိုက်ရော ကျန်တဲ့လူတွေက သူခိုး ရှိတယ်ဆိုတဲ့စကားကို ဘယ်လိုမှ မကြားနိုင်၊ မခံနိုင်ဘူး။

အဲဒါနဲ့ အကြီးဆုံးဖြစ်တဲ့ ညီက လက်အုပ်ချီပြီးတော့ အစ်ကိုကြီးရဲ့ ဝေပုံကျကို သူ မယူပါဘူး၊ မခိုးပါဘူးဆိုတာကို သစ္စာဆိုပြီးတော့ ကျိန်စာဆိုပြီးတော့ သူ ပြောချင်ပါတယ်တဲ့။

တကယ်လို့ သူ ယူပြီး စားခဲ့မယ် ဆိုလို့ရှိရင် ဖြစ်လေရာဘဝမှာ သားနှင့်မယားနှင့် ပစ္စည်းဥစ္စာနှင့် အလွန် ပြည့်စုံချမ်းသာကြွယ်ဝတဲ့ ကာမဂုဏ် ခံစားနေတဲ့ လူသားတစ်ယောက် ဖြစ်ပါရစေလို့ အဲ့သလို ကျိန်စာဆိုတယ်။

သူ ဆိုတဲ့ကျိန်စာက ဒကာ ဒကာမတို့ ဦးဇင်းတို့

www.thitsarparamisociety.com



မက်မောတဲ့ အနေအထားမျိုး ဖြစ်နေတယ်။ သူတို့ရဲ့ အမြင်က အဲလို ကာမဂုဏ်အာရုံ ခံစားပြီး နေခြင်း သည်ပင်လျှင် လူတစ်ယောက်ဟာ ကိုယ့်ကိုယ်ကို ဆင်းရဲအောင် လုပ်နေရာရောက်တဲ့အတွက် ဒါသည် အလွန်ကြမ်းတမ်းခက်ထန်တဲ့ အပြစ်တစ်ခု ဒုက္ခတစ်ခု ဆိုတဲ့အမြင်နဲ့ ဆိုတာ။ ဒီလိုလည်း ဆိုလိုက်ရော…

ကျန်တဲ့ရသေ့တွေက နားပိတ်ထားကြတယ်လို့ ဆိုတယ်။ မကြားနိုင်ဘူး၊ မကြားချင်ဘူး။ မင်းရဲ့ ကျိန်စာက ကြမ်းတမ်းလွန်းတယ်။ ဘုရားလောင်းက မင်းရဲ့ကျိန်စာ အလွန် ကြမ်းတမ်းလွန်းတယ်။ ဒီလို ကြမ်းတမ်းတဲ့ ကျိန်စာကို ဆိုတာကို ထောက်သော အားဖြင့် မင်း ယူမစားဘူးဆိုတာ ငါ ယုံတယ်တဲ့။

ဒါနဲ့ ဒုတိယမြောက်ညီငယ်က စပြီး ကျိန်စာ တွေ ဆိုကြတယ်။ ကျိန်စာတွေ အကုန်လုံးသည် လူသားတွေ ပုထုဇဉ်သတ္တဝါတွေ အလွန်မက်မောတဲ့ စည်းစိမ်ဥစ္စာ ကာမဂုဏ်တရားတွေနှင့် ပြည့်စုံပါရစေ ဆိုတဲ့ ကျိန်စာတွေချည်းပဲ။

ညီမလေးဆိုတဲ့ ကျိန်စာဆိုရင် မိဖုရားခေါင် ကြီး ဖြစ်ပါရစေဆိုတာတောင် ပါတယ်။ အဲဒီကျိန်စာ

www.thitsarparamisociety.com



ဆိုတဲ့အထဲမှာ မျောက်တစ်ကောင်လည်း ဝင်ပြီးတော့ ကျိန်စာဆိုတာ ရှိတယ်။ သူကလည်း အဲဒီအနားမှာ နေတာဆိုတော့ သူ့ကို သံသယ ဝင်မှာဆိုတော့ သူက လည်း ဝင်ပြီး ကျိန်စာဆိုတာ ရှိတယ်။

လူသာမန်တွေ တောင့်တာတွေကို သူတို့က ရွံရှာစက်ဆုပ်တဲ့ အနေနဲ့ ကျိန်စာနေရာမှာ ထားပြီး တော့ ဆိုတာ။ ညီငယ် ညီမငယ်တွေ အကုန်လုံး ကျိန်စာဆိုပြီးတော့ ဘုရားလောင်းကြီးက မင်းတို့ ယူမစားဘူး ဆိုလို့ရှိရင် ငါကပဲ ငါ့ရဲ့ဝေပုံကျကို မပျောက်ဘဲနဲ့ ပျောက်တာလို့ ပြောနေသလို ဖြစ်နေ တယ်။

## ဘုရားလောင်း၏ ကျိန်စာ

ငါလည်းပဲ ကျိန်စာဆိုမှ ဖြစ်မယ်။ သူ့ကိုလည်း သူများယုံကြည်မှု ရအောင် သူက လုပ်ရမှာလေ။ အဲဒါနဲ့ သူလည်းပဲ ကျိန်စာဆိုတယ်။

သူဆိုတဲ့ကျိန်စာက တကယ်လို့သာ ငါသည် ဝေပုံကျ ကြာစွယ်ကို မပျောက်ဘဲနဲ့ ပျောက်တယ် လို့ ပြောခဲ့မယ်ဆိုလို့ရှိရင် သားနှင့်မယားနှင့် ပျော်ပျော် ပါးပါးကြီး နေပြီးတော့ ဘဝရဲ့နောက်ဆုံးအချိန်မှာ

www.thitsarparamisociety.com



အဲဒီ သားနှင့် မယားနှင့် စည်းစိမ်တွေ ကြားထဲမှာပဲ ကွယ်လွန်အနိစ္စရောက်သွားတဲ့ လူတစ်ယောက် ဖြစ်ပါရစေတဲ့။

ကိုယ့်အိမ်မှာပဲ ကာမဂုဏ် အာရုံကြားထဲမှာပဲ ကွယ်လွန် အနိစ္စရောက်တဲ့ လူတစ်ယောက် ဖြစ်ပါရစေတဲ့။ လူကြားထဲမှာ သေရတာဟာ ကောင်းရာမြတ်ရာ ရောက်ဖို့ သိပ်ပြီးတော့ မလွယ်ဘူး။ ဒါကြောင့် အဲဒီအနေအထားက တကယ်တမ်းက ကြောက်လန့်စရာ အနေအထား။ အဲဒီကြောက်လန့်စရာ အနေအထားမို့လို့ အဲ့ဒါကို သူက ကျိန်စာနေရာမှာ ထားပြီးတော့ ဆိုတာ။

အဲဒါနောက်တော့ သိကြားမင်းက သူ့ရဲ့အပြစ်ကို လာပြီးတော့ တောင်းပန်ရတယ်။

အဲဒီသစ္စာမျိုးကို ဘာလို့ခေါ်လဲဆိုတော့ သဒ္ဒဟာပနသစ္စာ။ ကိုယ့်ကို သူများ ယုံကြည်စေချင်လို့ ဆိုတဲ့ သစ္စာတရား။

## မဟာသုတသောမဇာတ်

ဦးဇင်းတို့ ဒီနေရာမှာ မဟာသုတသောမဇာတ်

www.thitsarparamisociety.com



ကိုလည်း ပြောစရာ အလွန်ကောင်းတယ်။

ပေါ်ရိသာဒက မဟာသုတသောမင်းကို ဖမ်းတာ။ ပရိသတ်တို့ ဒီဇာတ်တော်ကို အားလုံး ကြားဖူးမယ်လို့ ထင်ပါတယ်။

ဘုရားလောင်းက သူ့ကို ပြန်ပြီးတော့ လွှတ်ဖို့ ပေါ်ရိသာဒကို ပြောတော့ ပေါ်ရိသာဒက မလွှတ်နိုင်ဘူး၊ သင့်ကို လွှတ်လိုက်မယ်ဆိုရင် သင် ပြန်လာမှာ မဟုတ်ဘူးတဲ့။

ဘုရားလောင်းက ငါ အလကား ပြန်မှာမဟုတ်ဘူး။ ငါ ဒီကို လာခါနီးမှာ ကဿပမြတ်စွာဘုရားရဲ့ ဂါထာလေးပုဒ်ကို ငါ နာယူမယ်လို့ နန္ဒပုဏ္ဏားကို ဝန်ခံခဲ့တာ။ ဒါကြောင့် ငါ သွားပြီးတော့ တရားနာချင်တယ်။

ဒီတော့ ပေါ်ရိသာဒက ကိုယ့်ကို သတ်မယ့်နေရာဆီကို ပြန်ပြီးတော့ လာမယ်ဆိုတဲ့ စကားဟာ ယုံနိုင်စရာ မရှိဘူးတဲ့။ အဲလိုပြောတဲ့ခါကျတော့ ဘုရားလောင်းက မင်းငါ့ကို မင်းပခုံးပေါ်ကနေ အောက်ကို ချပါဦးတဲ့။ သူတို့က တစ်ချိန်က ဆရာတပည့် တော်ခဲ့ဖူးတော့ ပခုံးနဲ့ထမ်းပြီးတော့ ဖမ်းခေါ်လာတာ။

www.thitsarparamisociety.com



ဘုရားလောင်းကြီးက ဘာပြောပြလဲဆိုတော့ သမုဒ္ဒရာရေတွေသာ ခန်းကောင်း ခန်းသွားမယ်၊ မြင်းမိုရ်တောင်သာလျှင် အမြစ်ကနေ ကျွတ်ကောင်း ကျွတ်သွားမယ်၊ ကောင်းကင်ကြီးသာ နှစ်ခြမ်း ကွဲကောင်း ကွဲသွားမယ်။ ငါ ဘယ်တော့မှ လိမ်ညာတဲ့စကား မဟုတ်တဲ့စကားကို မပြောဘူးတဲ့။

လောကမှာ မဖြစ်နိုင်အရာတွေကို ပြောပြပြီးတော့ အဲဒါတွေသာ ဖြစ်ကောင်း ဖြစ်သွားလိမ့်မယ် ငါ့ရဲ့နှုတ်ကတော့ မဟုတ်တဲ့စကား မပြောဘူး။ အဲဒီမှာ ကျိန်စာဆိုတယ်။

## မဟာသုတသောမင်း၏ ကျိန်စာ

ဘယ်လိုဆိုလဲဆိုတော့ လက်နက်ကို သုံးသပ်ပြီးတော့ တကယ်လို့ ငါ ပြန်မလာဘူးဆိုလို့ရှိရင် ဟောဒီလို ဓားတွေ လက်နက်တွေ အစောင့်အကြပ်တွေနှင့် နေရတဲ့ မင်းမျိုးထဲမှာ ငါ ဘယ်တော့မှ မဖြစ်ပါရစေနဲ့။ မင်းမျိုး မင်းနွယ်ဆိုတဲ့ မြင့်မြတ်တဲ့ အမျိုးအနွယ်မှာ ဘယ်တော့မှ မဖြစ်ပါစေသားလို့ ကျိန်စာဆိုတာ။

အမျိုးဇာတ်ကို အမိကထားတဲ့ သူတို့ရဲ့ခေတ်

www.thitsarparamisociety.com



သူတို့ရဲ့အနေအထား သူတို့ရဲ့အမျိုးအနွယ်ထဲမှာ အရမ်းကြမ်းတမ်းတဲ့ ကျိန်စာလို့ ဆိုတယ်။

ပေါရိသာဒကလည်း သူ့ကို ပြန်ပြီးတော့ လွှတ်တယ်။ လွှတ်ပြီးတော့ တရားနာပြီးတော့ ဘာလုပ်လဲဆိုတော့ သူ့ကို သတ်မယ်မှန်း သိရက်သားနဲ့ ဘုရားအလောင်းက ပြန်ပြီးတော့ လာတယ်။

သုတသောမမင်းရဲ့ သစ္စာစကားဟာလည်းပဲ သဒ္ဒဟာပနသစ္စာထဲမှာ အကျုံးဝင်တယ်။ ကိုယ့်ကို ယုံကြည်စေချင်လို့ ဆိုလိုက်တဲ့ သစ္စာစကား။

## ကုဿာပူရဏသစ္စာ

ဒုတိယသစ္စာက ကုဿာပူရဏသစ္စာ။ ကိုယ့်ရဲ့အလိုဆန္ဒတစ်ခုခု ပြည့်စုံစေချင်လို့ ဆိုတဲ့သစ္စာစကား။ လူအများစု ကြားဖူးနားဝများတဲ့ သစ္စာဆိုတယ်၊ သစ္စာဆိုတယ်ဆိုတာ ကုဿာပူရဏသစ္စာပါပဲ။

ဝဋ္ဋသုတ်မှာ ဘုရားလောင်း ငုံးမင်းကလေးတောမီးလောင်ပြီး အမေအဖေတွေ ပစ်ပြေးတဲ့အခါမှာ သစ္စာဆိုတာက ကုဿာပူရဏသစ္စာပဲ။

“ငါသည် အတောင်တော့ ရှိပါရဲ့၊ မပျံနိုင်

www.thitsarparamisociety.com



သေးဘူး။ ခြေထောက်လေးတွေတော့ ရှိပါရဲ့၊ မပြေးနိုင်သေးဘူး။” သူ ပြောတာ မှန်ကန်တယ်နော်၊ မှန်တဲ့ သစ္စာစကားကို ဆိုပြီးတော့ သူ လိုချင်တာကို ရအောင် တောင်းတာပေါ့။ သစ္စာရဲ့အစွမ်းကြောင့် ရတယ်။ အဲဒါကို ဣစ္ဆာပူရဏသစ္စာ။

အင်္ဂုလိမာလဟာ တစ်ချိန်တုန်းက လူတွေကို အများကြီး သတ်။ နောက် ရဟန်းဖြစ်တဲ့အခါကျတော့ သူ့ကို ဘယ်သူမှ မယုံကြည်တဲ့အခါမှာ မြတ်စွာဘုရားက သူ့ကို သစ္စာဆိုခိုင်းတာ။ မီးမဖွားနိုင်တဲ့ အမျိုးသမီးတွေဆီ သွားပြီးတော့ ‘ငါသည် အသိရှိတဲ့အချိန်က စပြီးတော့ ဘယ်သတ္တဝါကိုမှ မသတ်ပါဘူး။ ဒီမှန်တဲ့ သစ္စာစကားကြောင့် ချမ်းချမ်းသာသာ မီးဖွားနိုင်ပါစေ’လို့ သစ္စာဆိုတယ်။ သူ့ရဲ့ သစ္စာစကားကြောင့်လည်း ချမ်းချမ်းသာသာ မီးဖွားနိုင်ကြတယ်။ အားလုံးရဲ့ ယုံကြည်မှုကို သူ ရတယ်။ ဒါလည်း ဣစ္ဆာပူရဏသစ္စာထဲမှာ အကျုံးဝင်တယ်။

ပရိတ်ကြီး ၁၁-သုတ်ထဲက ရတနသုတ်ဆိုရင် လည်း ဣစ္ဆာပူရဏသစ္စာပဲလေ။ ဝေသာလီပြည်ကြီး ဘီလူးဘေးတွေ ကြုံတဲ့အခါကျတော့ ဘုရားရတနာ၊

www.thitsarparamisociety.com



တရားရတနာ၊ သံဃာရတနာသည်သာလျှင် အမြတ်ဆုံး ရတနာများ ဖြစ်ကြတယ်။ ဤမှန်တဲ့သစ္စာစကားကြောင့် သတ္တဝါတွေ ချမ်းသာပါစေလို့ သစ္စာပြုတာ။ ကိုယ်လိုချင်တာက သတ္တဝါတွေ ချမ်းသာခြင်းဆိုတဲ့ အကျိုးတရား။ အဲဒါကို ရဖို့အတွက် ဘုရား၊ တရား၊ သံဃာ၊ ရတနာမြတ်သုံးပါးရဲ့ အမြင့်မြတ်ဆုံး အနေအထား ဖြစ်တယ်ဆိုတာကို မှန်သောစကားဖြင့် ထုတ်ဖော်ပြီးတော့ သစ္စာဆိုတာ။ အဲဒါလည်းပဲ ဣစ္ဆာပူရဏသစ္စာ။

အလွန်ထင်ရှားတဲ့ ဣစ္ဆာပူရဏသစ္စာ တစ်ခုကိုတော့ ပရိသတ်အပေါင်း သူတော်ကောင်းတို့ အားလုံး ကြားဖူးကြပါတယ်။

## သုဝဏ္ဏသာမဇာတ်

ဘုရားအလောင်း သုဝဏ္ဏသာမကို ပီဠိယက္ခမင်းက မြားနဲ့ပစ်တယ်။ သတိမေ့သွားတာကို သေပြီဆိုပြီးတော့ မင်းကြီးက စိတ်မကောင်းခြင်း ကြီးစွာနဲ့ သူ ခပ်တဲ့ ရေအိုးလေးကို ယူလာပြီးတော့ 'ကိုင်း… ငါက သူ့ကို သတ်မိတဲ့အတွက်ကြောင့် သူ့ရဲ့ မျက်စိမမြင်တဲ့ မိဘနှစ်ပါးကို ငါပဲ လုပ်ကျွေးတော့မယ်'

www.thitsarparamisociety.com



ဆိုပြီးတော့···

ရသေ့ကျောင်းသခ်မ်း ရောက်တဲ့အခါ အမှန်အတိုင်း ဖွင့်ပြောတော့မှ အမေအဖေနှစ်ယောက် ငိုယိုပြီးတော့ 'ကိုင်း··· အဲဒီလိုဆိုရင် သားရှိတဲ့နေရာကိုတို့ကိုခေါ်သွားပါ'ဆိုတော့ ဟိုရောက်တဲ့အခါကျတော့ မအေဖြစ်တဲ့ပုဂ္ဂိုလ်က သားရဲ့ရင်ဘတ်ကို စမ်းကြည့်တဲ့အခါ မသေသေးဘူး၊ အပူငွေ့လေး ရှိသေးတယ်။

## ဒုကူလ၊ ပါရိကာတို့၏ သစ္စာ

အဲဒါနဲ့ သစ္စာဆိုမယ်ဆိုပြီးတော့ သူဆိုလိုက်တာ သစ္စာ ၇-ချက်တောင် ရှိတယ်။ အဲဒီထဲက အချက်တစ်ချက်က အလွန်မှ မိဘတို့ရဲ့ မေတ္တာတရားကို ထင်ရှားစွာ ပြနိုင်တယ်လို့ ဆိုရမယ်။

ဘယ်လိုဆိုထားလဲဆိုတော့ 'ငါ့သား သုဝဏ္ဏသာမကို ငါသည် ငါ့ရဲ့ အသက်ထက်တောင် ပိုပြီးတော့ ချစ်မြတ်နိုးပါတယ်၊ ဤမှန်တဲ့ သစ္စာစကားကြောင့် ငါ့သားလေး အသက်ရှင်ပါစေ'။

သေရေး ရှင်ရေးနဲ့ တွေ့လို့ ကြုံလို့ သစ္စာဆိုနေတာနော်၊ ပလီပလာ လျှောက်ပြောနေတာ မဟုတ်

www.thitsarparamisociety.com



ဘူး။ စိတ်ထဲမှာ တကယ်မရှိတာကြီးကို ပြောရင်လည်း သစ္စာကလည်း စွမ်းမှာမဟုတ်ဘူးလေ။ စကားက တကယ်မှန်တဲ့အတွက်ကြောင့် သားက ဘယ်ညာ ပြောင်းပြီးတော့ စောင်းတယ်တဲ့။ သစ္စာရဲ့အစွမ်း။

အဖေကလည်းပဲ ဒီလိုပုံစံမျိုးပဲ သစ္စာဆိုတယ်။ အဖေရဲ့ မေတ္တာတရားကလည်း တကယ်မှန်တယ်။ သူ့သစ္စာစကားကလည်း တကယ်မှန်တဲ့အတွက် ကြောင့် တစ်ခါ ဘယ်ညာစောင်းပြီးတော့ အိပ်ပြန် တယ်။

လွန်ခဲ့တဲ့ ခုနစ်ဘဝမြောက်က အမေ တော်ခဲ့ ဖူးတဲ့ ဗဟုသုန္ဒရီ နတ်သမီးက သစ္စာဆိုပြန်တယ်။ သူကလည်း အံ့သြစရာပဲ။ မအေတော်ခဲ့တာ ခုနစ် ဘဝတောင် ရှိနေပြီ။ ဒါပေမယ့် မိဘရဲ့မေတ္တာက မခန်း သေးဘူး။ ငါ့သား သုဝဏ္ဏသာမကို ချစ်ခဲ့တဲ့အချစ် မျိုးနဲ့ ဘယ်သတ္တဝါကိုမှ မချစ်ဖူးဘူး။ ဒီမှန်တဲ့ သစ္စာ စကားကြောင့် ငါ့သားလေး အသက်ရှင်ပါစေတဲ့။

အဲဒီကျတော့မှ သုဝဏ္ဏသာမ အကောင်း ပကတိ ဖြစ်တယ်ပေါ့။ ဒီလို သစ္စာစကားမျိုးကို ဣစ္ဆာ ပူရဏသစ္စာလို့ ခေါ်တယ်။

www.thitsarparamisociety.com



## သုပ္ပါရကဇာတ်

ဒီနေရာမှာ လူသိနည်းတဲ့ သစ္စာရဲ့အစွမ်းသတ္တိကို ပြောပြတဲ့ ဇာတ်လမ်းလေးတွေ နည်းနည်း ဆက်ပြောချင်တယ်။ ငါးရာ့ငါးဆယ်နိပါတ်တော်မှာ သုပ္ပါရကဇာတ်ဆိုတာ ရှိတယ်။

ဘုရားလောင်း သူတော်ကောင်းကြီးက အလွန်ကျွမ်းကျင်တဲ့ မာလိန်မှူးကြီး။ သင်္ဘောကပ္ပတိန်ပေါ့။ ပင်လယ်ကမ်းစပ်မှာ နေပြီးတော့ ကုန်သည်ပေါင်းများစွာကို ခေါင်းဆောင်ပြီးတော့ သင်္ဘောနဲ့ ပင်လယ်သမုဒ္ဒရာထဲမှာပဲ ကျက်စားရင်းနဲ့ အချိန်ကုန်ခဲ့တယ်။ အသက်ကြီးတဲ့အခါကျတော့ ဆားငန်ရေ အငွေ့တွေကြောင့် သူ့ရဲ့ မျက်စိနှစ်ဖက်ဟာ ပျက်သွားတယ်။ ဒါကြောင့် ဒီအလုပ်ကို သူ မလုပ်တော့ဘူး။

သူ့မှာ နှစ်ပေါင်းများစွာ ဒီလုပ်ငန်းကို ကျွမ်းကျွမ်းကျင်ကျင် လုပ်ခဲ့တဲ့အတွက်ကြောင့် အတွေ့အကြုံတွေက အများကြီးရှိတယ်။ အဲဒါနဲ့ သူ အသက်ကြီးပြီဆိုတော့မှ အရေးကြီးတယ်ဆိုပြီး သင်္ဘောသားတစ်စုက သူ့ကို လာပြီးတော့ ခေါ်တာ။ သူတို့ကို ငဲ့ပြီးတော့ အဲဒီသင်္ဘောနဲ့ လိုက်သွားတာ။

www.thitsarparamisociety.com



အဲဒီလိုသွားရင်းနဲ့ သူတို့သင်္ဘောက လူတွေကျင်လည်ကျက်စားတဲ့ နေရာအပိုင်းအခြားကို လွန်ပြီးရောက်သွားတာ။ လေသယ်တဲ့နောက်ကို ပါသွားပြီးတော့ ဗလဝါမုခဝဲထဲ ရောက်သွာတာတဲ့။ ဘယ်လိုမှပြန်ထွက်လို့ မရတဲ့နေရာမျိုးကို ရောက်သွားတာ။

ဘယ်လိုမှလည်း သင်္ဘောက ပြန်လှည့်လို့ မရတဲ့ အခါကျတော့ သင်္ဘောသားတွေက အကုန်လုံးငိုကြတာပေါ့။ သေရတော့မှာပဲ။

သေကြဖို့ပဲ ရှိတယ်ဆိုတော့ အကုန်လုံး ကြောက်လန့် တုန်လှုပ်ပြီးတော့ ငိုကြတယ်။ ကိုးကွယ်ရာအသီးသီးတွေကို တမ်းတပြီးတော့ ငိုကြ၊ ယိုကြ၊ ပူဆွေးကြပေါ့။ အဲဒါကို ကြည့်ပြီးတော့ ဘုရားလောင်းက အလွန်မှ ကရုဏာသက်တယ်။ သနားတယ်။

သူကတော့ သေခြင်းတရားကို ရင်ဆိုင်နိုင်တယ်။ သို့သော် ကျန်တဲ့လူတွေ ကြောက်လန့် တုန်လှုပ်နေတာကို သူ တွေ့ရတယ်။ အဲဒါနဲ့ 'ဩော်- ငါ့ရဲ့သစ္စာတရားကို အကြောင်းပြုပြီးတော့ ဒီသတ္တဝါတွေရဲ့အသက်ကို ကယ်မယ်'လို့ အဲသလို စဉ်းစားတယ်။

www.thitsarparamisociety.com



## မာလိန်မှူး၏သစ္စာ

သူဆိုတဲ့ သစ္စာစကားလေးက အရမ်း စိတ်ဝင်စားစရာ ကောင်းပါတယ်။ ဘာလဲဆိုတော့-

'ငါဟာ သိတတ်တဲ့အရွယ်က စပြီးတော့ တခြားသော သတ္တဝါကို သတ်ဖို့ နေနေသာသာ၊ တစ်ခါလေးတောင်မှ မညှဉ်းဆဲဖူးဘူး'တဲ့။ ငါးပါးသီလထဲက ပါဏာတိပါတကို အဲ့သလောက် သူစင်ကြယ်တယ်ပေါ့။

နောက် သူများရဲ့ပစ္စည်းကို မြက်ပင်ကလေး၊ ဝါးခြမ်းစိပ်ကလေးတောင်မှ မတရား တစ်ခါမှ မယူဖူးဘူး။

နောက် သူတစ်ပါးရဲ့ သားမယားကို လောဘရဲ့အစွမ်းနဲ့ ငါ ဣန္ဒြေဖျက်ပြီးတော့ တစ်ခါမှ မကြည့်ဖူးဘူး။

နောက် လိမ်ညာတဲ့စကားကို ပျော်ရွှင်လိုတဲ့ သဘောနဲ့တောင် ငါ တစ်ခါမှ မပြောဖူးဘူး။

နောက် အရက်သေစာကို ငါ နည်းနည်းလေးတောင် တို့ပြီးတော့ မမြည်းဖူးဘူး။

www.thitsarparamisociety.com



ငါးပါးသီလ၊ ဟုတ်လား။ ဤမှန်တဲ့ သစ္စာစကားကြောင့် ဟောဒီသင်္ဘောဟာ တို့ရဲ့ နေရင်းအရပ်ဒေသကို ပြန်ပြီးတော့ ရောက်သွားပါစေလို့ သစ္စာဆိုတာ။

တစ်စုံတစ်ခုက ရှေ့ကနေ အပြင်းအထန် ဆွဲသွားသလိုပဲ တစ်ခါတည်း လှည့်ပြီးတော့ လေးလလောက် မျောသွားတဲ့ အနေအထားကနေ နေ့ချင်းညချင်း သုပ္ပါရကသင်္ဘောဆိပ်ကို ပြန်ရောက်သွားတယ်တဲ့။ သစ္စာရဲ့အစွမ်းနော်။ ဒါက သုပ္ပါရကဇာတ်။

## သိဝိဇာတ်

ဆက်ပြီးတော့ ပြောချင်တာက အားလုံး သိကြတဲ့ သိဝိဇာတ်။ သိဝိမင်းကြီးအကြောင်း။ ဘုရားအလောင်း သိဝိမင်းကြီးက မျက်လုံးလှူတာ။

သူက ရှင်ဘုရင်ဖြစ်တဲ့အခါကျတော့ သူ့ရဲ့အတွင်းအင်္ဂါ အစိတ်အပိုင်းတွေကို လှူချင်တဲ့ဆန္ဒကအလွန်ပြင်းထန်တယ်။ ကျန်တာတွေ လှူရတာ သူအားမရဘူး။ အမြဲတမ်းလည်း လှူတော့လှူနေတာပဲ။

အင်္ဂါအစိတ်အပိုင်းတွေကို ဖြတ်တောက် လှီးပြီးတော့ လှူချင်နေတာ။ အဲဒါနဲ့ သိကြားမင်းက သူ့ရဲ့

www.thitsarparamisociety.com



ဆန္ဒကို ပြည့်ဝအောင် ဆိုပြီးတော့ မျက်စိမမြင်တဲ့ ပုဏ္ဏားယောင် ဆောင်ပြီးတော့ ရောက်လာတယ်။ ဘုရားအလောင်းက အလှူကို သဘောကျသွားတယ်။ ကောင်းပြီတဲ့။ သင့်အတွက် ငါ့မှာ မျက်လုံးနှစ်လုံး ရှိတဲ့အထဲက တစ်လုံးလှူမယ်ဆိုပြီး သိဝိမင်းကြီးက-

သိဝိကဆိုတဲ့ ဆေးဆရာကို ခေါ်ပြီးတော့ ဆေး ကွင်းလိုက်တာနဲ့ မျက်လုံးက ရုထွက်လာတယ်။ မောင်းမမိဿံတွေ အကုန်လုံး ဆွေမျိုးတွေ အကုန် လုံးက ငိုယိုပြီးတော့ တောင်းပန်ကြတယ်။ ဒီ မျက်လုံး ကို မလှူဖို့။

သဗ္ဗညုတဉာဏ်ကို ရပါရစေဆိုတဲ့စိတ်နဲ့ ဘုရား အဖြစ်ကို တောင့်တပြီးတော့ သူ လှူတာ။ အဲဒါ ပဲကိုကလည်း သိကြားမင်းက ဖန်ဆင်းထားတဲ့ ပုဏ္ဏား ဆိုတော့ သူ့ရဲ့မျက်လုံးထဲကို ထည့်လိုက်တယ်။ တစ်ခါတည်း တန်းပြီးတော့ မြင်တယ်။ ဒီတော့ ဘုရင်ကြီးက အလွန် ဝမ်းသာတယ်။ ဒီလူ မြင်သွား ရှာပြီ။

နောက်ထပ်ကျန်နေတဲ့ တစ်လုံးကို မလှူဘဲ နေကို မနေနိုင်ဘူး၊ သူ့ရဲ့ သဒ္ဓါတရားက။ အဲဒါနဲ့

www.thitsarparamisociety.com



အကုန်လုံး ငိုယို တောင်းပန်နေတဲ့ ကြားထဲက နောက်ထပ်တစ်လုံးကို ထပ်ပြီး လှူလိုက်ပြန်တယ်။

မျက်လုံးနှစ်ဖက်လုံး ရပြီး ပုဏ္ဏားကတော့ မြင် သွားတယ်။ ဒါပေမယ့် သူ့မှာတော့ မျက်လုံး နှစ် ဖက်လုံး မရှိတော့ဘူး။ မမြင်ရတဲ့အခါကျတော့ မင်း လုပ်လို့လည်း အဆင်မပြေပါဘူးဆိုပြီး သူက ဥယျာဉ် ထဲမှာပဲ နေတာ။

ဥယျာဉ်ထဲမှာနေတော့ သိကြားမင်းက ရောက် လာတယ်။ ရောက်လာပြီးတော့ ဘုရားအလောင်းကို မေးတယ်။ မင်းကြီး ဘာဖြစ်ချင်တုန်းလို့ မေးတော့ ငါ သေချင်တယ်လို့ ပြောတယ်တဲ့။

ဘာဖြစ်လို့ သေချင်တာတုန်း။ တကယ် သေ ချင်လို့ သေချင်တာလား။ မျက်စိမမြင်လို့ သေချင်တာ လားဆိုတော့ မျက်စိမမြင်လို့ သေချင်တာပါတဲ့။ တကယ်သေချင်လို့ သေချင်တာ မဟုတ်ဘူး၊ မျက်စိ မမြင်မှတော့ မထူးဘူး။ သေတာပဲ ကောင်းတယ်ပေါ့။

တိုင်းပြည်အုပ်ချုပ် မင်းလုပ်နေလို့လည်း မထူး ဘူး။ အဲဒီတော့ ငါသေပဲ သေချင်တယ်လို့ ပြောတော့ အဲဒီတော့ သိကြားမင်းက မင်းကြီးရဲ့ မျက်လုံးတွေ

www.thitsarparamisociety.com



ပြန်ပြီးတော့ ရလာအောင် ကျွန်တော်မျိုးလည်း ပြန်ပြီးတော့ ဖန်ဆင်းမပေးနိုင်ဘူးတဲ့။ ဒါပေမယ့် မျက်လုံးတွေ ပြန်ရဖို့ နည်းလမ်းပေးမယ်။

အဲဒီနည်းလမ်းက ဘာတုန်းဆိုတော့ သစ္စာတရားကို အားကိုးပါတဲ့။ သစ္စာဆိုရင် မျက်လုံး ပြန်ရမယ်လို့ ပြောတာ။

## သိဝိမင်းကြီး၏သစ္စာ

သိကြားမင်းက ပြောတဲ့အခါကျတော့ ဘုရားလောင်းက အဲဒါဆို ငါ သစ္စာဆိုမယ်။ သစ္စာဆိုရင်တော့ မှန်ဖို့က အဓိက အရေးကြီးတာပဲလေ။ အဲတော့ ပထမ ဘာကို သစ္စာဆိုလဲဆိုတော့ ငါဟာ ဘယ်လိုအလှူခံတွေပဲလာလာ အလှူခံမှန်သမျှ မြင်ရရင် ငါ့စိတ်ထဲမှာ ချစ်ခင်နှစ်သက်မှုက အလိုလိုကို ဖြစ်နေတယ်တဲ့။ တောင်းတဲ့လူကို သူ နှစ်သက်တယ်တဲ့။ ဤမှန်တဲ့ သစ္စာစကားကြောင့် ငါ့မျက်လုံးတွေ ပြန်ပြီးတော့ ရပါစေဆိုတော့ မျက်လုံးတစ်လုံး ရလာတယ်။

အံ့သြစရာပါပဲ။ အများစုက တောင်းရင် ဘာဖြစ်လဲ။ မုန်းတယ်။ ပေးရင် ကောင်းတယ်၊ တောင်းရင်

www.thitsarparamisociety.com



မှန်းတယ်ဆိုတဲ့ စကားမရှိဘူးလား။ ဘုရားအလောင်းက လာတောင်းတဲ့လူတွေကို ချစ်ခင် နှစ်သက်မှုတွေဖြစ်နေတယ်တဲ့။ လှူချင်နေတာကို သူက။

ဒီလိုနဲ့ မျက်လုံးတစ်လုံးရတော့ သူ ဝမ်းသာသွားတယ်။ နောက်တစ်လုံးရဖို့ နောက်ထပ် သစ္စာဆိုပါဦးလို့ သိကြားမင်းက ခိုင်းတယ်။

နောက်ထပ်ဘယ်လို ဆိုလဲဆိုတော့ ငါဟာ စာစာတုန်းက မျက်လုံးနှစ်လုံးကို လှူလိုက်တာနဲ့ ပတ်သက်ပြီးတော့ ဘာမှ ငါစိတ်ထဲမှာ နောင်တဆိုလို့ မြူလေးတစ်စိလောက်တောင် မရှိဘူး။ ငါတော့ မှားပြီဆိုတာမျိုး မရှိဘူး။ စာစာကလည်း မျက်လုံးကို နှမြောလို့ နောင်တရလို့ သေချင်တာ မဟုတ်ဘူး။ မမြင်မယ့်အတူတူ သေလိုက်တာပဲ ကောင်းတယ်လို့ သူ စဉ်းစားပြီး သူ ရိုးရိုးလေး ပြောတာ။ လှူခဲ့တဲ့အလှူကို နောင်တရတာ မဟုတ်ဘူး။ အပရစေတနာချို့တဲ့တာ မဟုတ်ဘူး။ ဒါကို သူ သစ္စာအနေနဲ့ ဆိုတာနော်။

မျက်လုံးနှစ်လုံးကို ငါ ဖောက်ပြီး လှူခဲ့တယ်။ ငါ့စိတ်ထဲမှာ နောင်တဆိုလို့ မြူတစ်စိလောက်တောင်

www.thitsarparamisociety.com



မရှိဘူး။ ငါ အလွန်ကြည်လင်နှစ်သက် ဝမ်းမြောက်တဲ့စိတ်နဲ့ လှူခဲ့တာ။ လှူပြီးတဲ့နောက်လည်း ကြည်လင်ဝမ်းမြောက် နှစ်သက်နေတာပဲ။

ဤမှန်တဲ့ သစ္စာစကားကြောင့် နောက်ထပ်မျက်လုံးတစ်လုံး ဖြစ်ပါစေ။ နောက်ထပ်မျက်လုံးတစ်လုံး ထပ်ရတယ်။

အဲဒါ နတ်က ပေးတဲ့မျက်လုံးလည်း မဟုတ်ဘူး။ ဒိဗ္ဗစက္ခုမျက်လုံးလည်း မဟုတ်ဘူး။ ကံကြောင့်ဖြစ်တဲ့ မျက်လုံးလည်း မဟုတ်ဘူး။ အမေမွေးတုန်းကပါလာတဲ့မျက်လုံးလည်း မဟုတ်ဘူးတဲ့။ အဲဒါ ဘာလဲဆိုတော့ သစ္စာတရားကြောင့် ဖြစ်တဲ့မျက်လုံး။ ကိုင်း- ဘယ်လောက် ဆန်းကြယ်တုန်း။

**ကမ္မဝိပါကော အစိန္တေယျော-** တရားတို့ရဲ့ စွမ်းရည်သတ္တိက အလွန်တရာမှ ဆန်းကြယ်တယ်။ သစ္စာတရားရဲ့ စွမ်းရည်သတ္တိ၊ ဒီလို သစ္စာတရားမျိုးကို ဣစ္ဆာပူရဏသစ္စာလို့ ခေါ်တယ်။

## ကဏှဒီပါယနဇာတ်

နောက် ကဏှဒီပါယနဇာတ်ဆိုတာ ရှိသေးတယ်။ အဲဒီဇာတ်လမ်းကလည်း မှတ်သားစရာကောင်း

www.thitsarparamisociety.com



လို့ ပြောဦးမယ်။

သစ္စာဆိုတာ မှန်ဖို့ပဲ အရေးကြီးတယ်။ မြင့်မြတ်တာတွေ ယုတ်နိမ့်တာတွေက အဓိက မဟုတ်ဘူး။ သစ္စာဆိုတဲ့နေရာမှာ ကောင်းတဲ့ အမှန်တရားကိုမှ အစွမ်းထက်တယ်လို့ ယူဆလို့ မရဘူး။

မကောင်းတဲ့အမှန်တွေကလည်း အစွမ်းသတ္တိရှိတယ်။ မှန်ရင် စွမ်းနေတာဆိုတာလေးကို နားလည်စေဖို့ ဒီဇာတ်တော်လေးကို ပြောချင်တာ။

ဦးဇင်းတို့ ဘုရားအလောင်းဟာ တစ်ခုသော ဘဝမှာ ကဏှဒီပါယနဆိုတဲ့ ရသေ့တစ်ပါး ဖြစ်ခဲ့တယ်။ တစ်နေ့တော့ သူ့ရဲ့လူ့ဘဝက သူငယ်ချင်း မဏ္ဍဗျဆိုတဲ့ပုဏ္ဏားတစ်ယောက် သူ့ရဲ့အမျိုးသမီးကို ခေါ်ပြီး ကိုးနှစ် ဆယ်နှစ်အရွယ် သားလေးနဲ့ သားအမိသားအဖသုံးယောက် ဘုရားလောင်းရသေ့ကို ဖူးမြော်ဖို့ ရောက်လာကြတာ။

ရောက်လာတဲ့အခါ သားလေးက ကျောင်းရဲ့အောက်နားလေးမှာ ဂျင်ပေါက်တမ်း သူတစ်ယောက်တည်း ကစားနေတာ။ အဲဒီမှာ ဂျင်ပေါက်ရင်းနဲ့ ဂျင်က တောင်ပို့ခေါင်းထဲကို ဝင်သွားရော…

www.thitsarparamisociety.com



ကလေးက အခေါင်းထဲကို သွားနှိုက်တဲ့အခါ အခေါင်းထဲက မြွေက ကိုက်လိုက်တာ အဲဒီနားတင် တစ်ခါတည်း လဲသွားတယ်။ ကလေးရဲ့ အော်သံတွေ ကြားလို့ မိဘတွေ ရောက်လာတော့ ကလေးက သတိ မေ့နေပြီ။

လင်မယားနှစ်ယောက် အလွန် ထိတ်ထိတ် ပျာပျာနဲ့ သားလေးကို ဘုရားအလောင်းဆီ ပွေ့လာပြီး အရှင် ဘုရားတို့ ရသေ့ရဟန်းတွေဆိုတာ ဆေးတွေ ဘာတွေ နားလည်တတ်ပါတယ်။ အားကိုးတဲ့အနေ နဲ့ ပြောကြတာပေါ့။ ဒါကြောင့် အရှင်ဘုရား တပည့် တော် သားလေးကို ကယ်ပါဆိုတော့ ဘုရားအလောင်း က ငါလည်း ဆေးမကုတတ်ဘူး။

သို့သော် ငါ ကြားဖူးတာကတော့ သစ္စာတရား ဟာ အလွန်မှ အစွမ်းထက်တယ်တဲ့။ အဲတော့ သစ္စာ တရားနဲ့ ဒီကလေးရဲ့ အသက်ကို ကယ်မှ ဖြစ်မယ် ဆိုတော့ ဘုရားအလောင်းက ကလေးရဲ့ နဖူးလေးကို ကိုင်ပြီး သစ္စာဆိုတယ်။

## ကဏှဒီပရသေ့၏သစ္စာ

ငါဟာ ရသေ့ဘဝကို ငယ်ငယ်လေးတည်းက

www.thitsarparamisociety.com



ဝတ်ခဲ့တယ်။ ဒါပေမယ့် ဝတ်ပြီးတော့ ခုနစ်ရက် အတွင်းပဲ ငါ ရသေ့ဘဝကို ပျော်တယ်။ ဝတ်ပြီး ကတည်းက အခုအချိန်အထိ နှစ်ပေါင်း ငါးဆယ် လောက် ရှိပြီ။ ဒီနေ့အချိန်အထိ တစ်ရက်မှ ပျော် တယ်လို့ မရှိဘူး။ ဒါပေမယ့် ရသေ့လူထွက်ကြီးဆိုတာ အပြောမခံချင်လို့ ဝတ်မိမှတော့ မထူးပါဘူးဆိုပြီး နေနေတာ။ ပျော်လို့ နေနေတာ မဟုတ်ဘူး။

ဒါဟာ လူကြားထဲကို ထုတ်ပြောစရာ ကောင်း တဲ့ အနေအထား တစ်ခုမဟုတ်ဘူးနော်။ ဒါပေမယ့် ဘာဖြစ်နေလဲ အမှန်တရား ဖြစ်နေတယ်။ မှန်တဲ့ အတွက်ကြောင့် သူ အဲဒါကို နှုတ်ကနေ ဆိုလိုက်တာ။ ဒီမှန်တဲ့ သစ္စာတရားကြောင့် ဒီကလေး အသက်ရှင် ပါစေ။ ကလေးက ဟိုဘက် စောင်းသွားတယ်။ အစွမ်းပြတယ်ပေါ့။

## မဏ္ဍဗျသူကြွယ်၏သစ္စာ

ငါ့ရဲ့အစွမ်းကတော့ ပြပြီ။ မင်းတို့လည်း သစ္စာ ဆို။ မှန်ဖို့ပဲ အရေးကြီးတယ်လို့ အတင်း တိုက်တွန်း တော့ မဏ္ဍဗျသူကြွယ်က သစ္စာဆိုတယ်။

သားလေးရဲ့ နဖူးကို ကိုင်ပြီးတော့-

www.thitsarparamisociety.com



ငါသည် အလျှုအတန်း ရက်ရောတယ်လို့ အားလုံးရဲ့ကြားထဲမှာ သတင်းကြီးနေတဲ့ လူတစ်ယောက်။ ဒါပေမယ့်လို့ ငါလှူတိုင်း လှူတိုင်း နှမြောဝန်တိုမှုတွေနဲ့ မလှူချင့် လှူချင် လှူနေရတာ။ ငါ့အမျိုးတွေက အကုန်လှူကြတာဆိုတော့ ငါ့ကျမှ မလှူလို့ရှိရင်တော့ အခြင်မပြေဘူး ဆိုပြီးတော့ နှမြောပါလျက်နဲ့ စေတနာမပါဘဲ လှူနေရတာ။ ငါ လှူခဲ့တဲ့ အလှူတွေ အကုန်လုံးက စေတနာမပါဘဲနဲ့ လှူခဲ့တာချည်းပဲ။ ဤမှန်တဲ့ သစ္စာစကားကြောင့် ငါ့သားလေး အသက်ရှင်ပါစေတဲ့။ စကားက မှန်တော့ သစ္စာက စွမ်းတယ်။ ဒါကြောင့် ကလေးက ဒီဘက်စောင်းပြီးတော့ အိပ်ပြန်တယ်တဲ့။

ဒါ ထုတ်ဖော်ပြောစရာ ကောင်းတဲ့ အကြောင်းအရာတစ်ခု မဟုတ်ဘူး။ သို့သော် ဘာဖြစ်နေတုန်း။ မှန်နေတယ်။

သားဖြစ်တဲ့လူက ခါးအထိရောက်အောင် မြွေဆိပ်တွေ ဘာတွေ ကျသွားပြီးတော့ စကား ဘာညာ ပြောနိုင်တယ်။ ဒါပေမယ့် အရှင်းတော့ မပျောက်သေးဘူး။

www.thitsarparamisociety.com



## မဏ္ဍဗျသူဌေးကတော်၏သစ္စာ

အဲဒါနဲ့ မအေဖြစ်တဲ့လူကို တိုက်တွန်းပြန်တယ်။ မင်းလည်း သစ္စာဆိုပါဦး။ သားလေးကို ကယ်ပါဦးဆိုတော့ မအေက သစ္စာဆိုတယ်။ ဘယ်လိုဆိုလဲ။

ကျွန်မဟာ ကျွန်မယောက်ျားကို ချင်ခင်နှစ်သက်တဲ့ ပုံစံမျိုးနဲ့ ပေါင်းသင်း ဆက်ဆံလာခဲ့တာကြာပြီ။ တကယ့်တကယ်ကျတော့ ကျွန်မဟာ ကျွန်မယောက်ျားကို ကျွန်မသားလေးကို ကိုက်တဲ့ ဟောဒီမြွေကို မုန်းသလို မုန်းပါတယ်။ ဤမှန်တဲ့ သစ္စာစကားကြောင့် သားလေး အသက်ရှင်ပါစေ။

အဲဒီကျမှ သားရဲ့ရောဂါ အကုန်လုံး ပျောက်သွားတယ်။ ဒီသစ္စာမျိုးကို ဘာလို့ ခေါ်လဲဆိုတော့ ဣစ္ဆာပူရဏသစ္စာ။

သူတို့ပြောတာတွေအကုန်လုံး ကောင်းတာတော့ တစ်ခုမှ မပါဘူး။ ဒါပေမယ့် မှန်နေတယ်။ မှတ်ရမှာက ဒါသည် ဣစ္ဆာပူရဏသစ္စာ။ ကိုယ့်ရဲ့ အလိုဆန္ဒတစ်ခု ပြည့်ဝဖို့ ဆိုတဲ့သစ္စာစကား။

www.thitsarparamisociety.com



## သစ္စာစကား မစွမ်းရခြင်းအကြောင်း

ဒီလိုသစ္စာတွေ ဆိုကြပါလျက်နဲ့ ဘာကြောင့် ဒီနေ့ခေတ်မှာ သစ္စာက မစွမ်းရသလဲဆိုတာလေးကို ပြောချင်သေးတယ်။ အဲဒါက မင်းကွန်းဆရာတော် ဘုရားကြီးရဲ့ အယူအဆပေါ့။ ဒါလည်းပဲ အလွန်မှ သဘာဝကျ နှစ်သက်စရာ ကောင်းပါတယ်။

ဆရာတော်ကြီးက ဘာပြောတုန်းဆိုတော့ အခု ခေတ်လူတွေ သစ္စာဆိုကြတယ်။ ဘာကြောင့် သစ္စာ တရားတွေက မစွမ်းတာလဲ။

သစ္စာတရားစွမ်းတယ်ဆိုတာ အဲ့ဒီ သစ္စာဆိုတဲ့ ပါးစပ်က၊ သစ္စာဆိုမယ့် နှုတ်က သစ္စာရှိဖို့ လိုတယ်။ အခုခေတ်မှာ များသောအားဖြင့် လူတွေက သစ္စာ အမှန်တရားကို သိပ်ပြီးတော့ မပြောကြဘူး။ သစ္စာ ဆိုမယ့်သူတို့ရဲ့နှုတ်က မုသားနိုင်ငံကြီး ဖြစ်နေတယ် တဲ့။ နိုင်ငံကြီးဆိုတဲ့ အသုံးအနှုန်းကို သုံးတာဗျ။ မုသားနိုင်ငံကြီး ဖြစ်နေတဲ့ပါးစပ်နဲ့ သစ္စာဆိုတဲ့အတွက် ကြောင့် သစ္စာက မစွမ်းတာတဲ့။

ရှေးတုန်းက သစ္စာတွေ စွမ်းတယ်ဆိုတာက ရှေးတုန်းက လူတွေက သစ္စာ အလွန် တည်တယ်။

www.thitsarparamisociety.com



သူတို့ရဲ့နှုတ်တွေက သစ္စာနိုင်ငံကြီး ဖြစ်နေတယ်။ ဒါကြောင့် အရေးကြုံလို့ သူတို့ သစ္စာဆိုလိုက်ရှိရင် သူတို့ ရဲ့သစ္စာတွေက အစွမ်းသတ္တိကို ပြကြတယ်။

သစ္စာတရား ဘာကြောင့်အစွမ်းသတ္တိ မထက်ရ တာလဲဆိုရင် သစ္စာဆိုသောနှုတ်သည် မုသားစကား ခဏခဏ ပြောနေလို့ သစ္စာက မစွမ်းတာ။

သစ္စာတရားကို အားကိုးမယ်လို့ ရည်ရွယ်ချက် ရှိကြတဲ့ပုဂ္ဂိုလ်တွေ ကိုယ့်ရဲ့သစ္စာတရားတွေ အစွမ်း ထက်အောင် သစ္စာလမ်းကြောင်းကို မတိမ်းစောင်း ရအောင် ကြိုးစားဖို့ လိုတယ်။ မှားယွင်းတဲ့စကားကို ငါ မပြောဘူး၊ မဟုတ်တဲ့စကားကို ငါ မပြောဘူး လို့ အဲသလို သစ္စာလမ်းကြောင်းကို လျှောက်ရမယ်။

## မုသာဝိရမဏသစ္စာ

နောက်ဆုံးပြောချင်တဲ့ သစ္စာက မုသာဝိရမဏ သစ္စာ။ အရေးကြီးဆုံး သစ္စာပေါ့။ မှားယွင်းတဲ့စကား ကို ရှောင်ပြီးတော့ မှန်ကန်တဲ့စကားကိုသာ ရွေးချယ် ပြီးတော့ ပြောတာ။ တကယ် ကျင့်ရမယ့်သစ္စာ၊ ဖြည့်ဆည်းရမယ့် သစ္စာပါရမီဆိုတာ မုသာဝိရမဏ သစ္စာပါပဲ။

www.thitsarparamisociety.com



သစ္စာတရားနဲ့ ပတ်သက်လာရင် အသက်ကို တောင် စွန့်ပြီးတော့ သစ္စာလမ်းကြောင်းကို လျှောက် သင့်တယ်။ လိမ်ညာတဲ့စကားကို မပြောလို့ မင်း အသက် သေမှာပဲဆိုရင် သေချင် သေပစေ။ လိမ်ညာ တဲ့စကားကို ငါ မပြောတော့ဘူး။ အဲ့ဒီလောက်ထိ သစ္စာလမ်းကြောင်းကို လျှောက်သင့်တယ်။

အဲ့ဒီလို သစ္စာလမ်းကြောင်းကို အသက်စွန့်ပြီး တော့ လျှောက်သွားကြတဲ့ ဇာတ်တော်တွေ၊ ဝတ္ထုတွေ၊ သာဓကတွေ ဒါတွေကလည်း အများကြီး ရှိတာပေါ့။

## ဝိဓူရဇာတ်

သာဓကများစွာထဲက ဦးဇင်းတို့ ရွေးချယ်ပြီး တော့ ပြောချင်တာက ဝိဓူရဇာတ်ကို နည်းနည်း ပြောကြည့်ချင်တယ်။

ဝိဓူရဇာတ်မှာ ကောရဗျမင်းကြီးနှင့် ပုဏ္ဏက ဘီလူးတို့ ကြွေအန် ကစားကြတာ။ ကောရဗျမင်းကြီး ရှုံးသွားတဲ့အခါကျတော့ ပုဏ္ဏကက 'နိုင်ပြီ'ဆိုပြီး အော်တာ မြေကြီးကို တုန်လှုပ်သွားတယ်ပြောတယ်။

ဒီတော့ ကောရဗျမင်းကြီးက 'မင်း နိုင်ပြီ၊

www.thitsarparamisociety.com



မင်း ကြိုက်တဲ့ လောင်းကြေးကို တောင်းပါ'လို့ ပြော တယ်။ အဲဒီမှာ ပုဏ္ဏကက ဘာ တောင်းလဲဆိုတော့ 'ဝိဓူရ အမတ်ကြီးကို ပေးပါ'တဲ့။ ဘုရင်ကြီးက အံ့သြတယ်။ ဘယ်လိုနည်းနဲ့မှ သူ ဒါကို တောင်းလိမ့် မယ်လို့ ထင်မထားဘူး။

ကောရဗျမင်းကြီးက 'အမောင်လုလင်.. ဝိဓူရ အမတ်ကို ငါ ပေးလို့မရဘူး။ သူက ငါ ပိုင်တဲ့လူ မဟုတ်ဘူး။ သူက ငါ့ရဲ့အဖေဆိုလည်း ဟုတ်တယ်။ ငါ့ရဲ့ဆရာဆိုလည်း ဟုတ်တယ်။ ငါတို့တိုင်းပြည်ရဲ့ ကိုးကွယ်ရာဆိုလည်း ဟုတ်တယ်။ သူ့ကိုပဲ အားကိုး ပြီး နေရတာ။ ဝိဓူရကို ဘယ်နည်းနဲ့မှ ပေးလို့မရဘူး။ မင်း ဝိဓူရကလွဲလို့ ကျန်တာ တောင်းလို့ရတယ်'တဲ့။

အဲဒီတော့ ပုဏ္ဏကဘီလူးက 'မင်းကြီး... မင်းမှာသစ္စာ၊ လူမှာကတိတဲ့၊ မင်းကြီး ကတိမဖျက်ပါ နဲ့၊ သစ္စာတည်ပါ။ မင်းကြီး ပြောထားတယ်၊ နန်း စည်းစိမ်ရယ်၊ ငါ့ရဲ့အသက်ရယ်၊ ငါ့ရဲ့မိဖုရားရယ်က လွဲရင် ကျန်တာတောင်းဆိုလို့ တောင်းတာ ခု ဝိဓူရကို ပေးပါ'တဲ့။

မင်းကြီးက မပေးချင်တော့ သူ မပိုင်ဘူးလို့

www.thitsarparamisociety.com



ပြောတယ်။ ပုဏ္ဏကက ဘာပြန်ပြောလဲဆိုတော့ မင်းကြီးတဲ့- ဝိဓူရကို မင်းကြီး ပိုင်တယ်၊ မပိုင်ဘူး ဆိုတာ သိရအောင် ဝိဓူရကိုပဲ သွားပြီး မေးမယ်။ ဝိဓူရအမတ်ကြီးဆီ သွားကြတာပေါ့တဲ့။

ဝိဓူရဆီ ရောက်တဲ့အခါ အကျိုးအကြောင်း ပြောပြပြီးတော့ ပုဏ္ဏကက ဝိဓူရအမတ်ကြီးကို ဘယ်ကနေ အရင်စပြီးတော့ ချည်တယ်ထင်လဲ။ ပုဏ္ဏကက လူရည်လည်တယ်။

"အမတ်ကြီးတဲ့.. ဝိဓူရဆိုပြီးတော့ နတ်ပြည် လောကထိ အလွန် နာမည်ကြီးတယ်။ ဘယ်လို နာမည်ကြီးတာလဲဆိုတော့ တရားစောင့်တယ်၊ တည် ကြည်တယ်၊ မှန်ကန်တယ်ဆိုပြီးတော့ နာမည်ကြီး တာ။ အဲဒီ 'ဝိဓူရ'ဆိုတဲ့နာမည်က ရှဋ္ဌီနာမည်လား၊ အန္တွတ္ထနာမည်လားတဲ့"။

အဲဒီတော့ ရှဋ္ဌီဆိုတာက တကယ်မဟုတ်ဘဲ တင်စားခေါ်တဲ့ နာမည်မျိုး။ 'မလှ မလှ'ဆိုပြီးတော့ အိုနေတာမျိုး။ မောင်ငွေဆိုပြီးတော့ နွမ်းပါးနေတာ မျိုး။ ဒီလိုနာမည်မျိုးကို ဘာလို့ခေါ်လဲဆိုတော့ ရှဋ္ဌီ နာမည်လို့ ခေါ်တယ်။ မှည့်ထားတဲ့ နာမည်ရဲ့အဓိပ္ပာယ်

www.thitsarparamisociety.com



က တစ်မျိုး၊ လူကတစ်မျိုး။ နာမည်နဲ့ လူနဲ့က ထပ်တူ မကျဘူးပေါ့။

အနုတ္တဆိုတာ အဲ့သလိုမျိုး မဟုတ်ဘူးနော်။ ဦးချမ်းသာလို့ နာမည်မှည့်ထားတယ်။ တကယ့်ကို ချမ်းသာတယ်။ မချောလို့ နာမည်မှည့်ထားတယ်။ တကယ်လည်း ချောတယ်။ ဝိဓူရဆိုတဲ့ နာမည်က တကယ် ဝိဓူရဆိုတဲ့ နာမည်နှင့် ထိုက်တန်သလားလို့ မေးတာ။

## ဝိဓူရ၏ သစ္စာ

ဘုရားအလောင်းကလည်း သိတာပေါ့။ ဟုတ် တယ်။ သူ့ရဲ့ ဝိဓူရဆိုတဲ့နာမည်က အနုတ္တနာမည်ပဲ။ အဲ့သလိုဆိုတော့ ပုဏ္ဏကက အမတ်ကြီး အလွန် တည့်မတ်တဲ့ သစ္စာတရားမှာ တည်ပြီးတော့ ဖြေပါ။ အမတ်ကြီးဟာ ကောရဗျမင်းကြီး ပိုင်တဲ့ပုဂ္ဂိုလ်လား၊ မပိုင်တဲ့ပုဂ္ဂိုလ်လားလို့ မေးတော့တာပဲ။ ဒီတော့ ဝိဓူရ အမတ်ကြီးက စဉ်းစားတယ်။

ငါ့ကို ကောရဗျမင်းကြီးက မပိုင်ဘူးလို့ သက်သေ အထောက်အထားပေါင်း များစွာနဲ့ ငါ ပြောနိုင် တယ်။ ဒီ လုလင်ကို ငါ ယုံအောင် ပြောလို့ ရတယ်။

www.thitsarparamisociety.com



သက်သေအခိုင်အမာ အထောက်အထားနှင့် သူ့ကို ငါ ပြောလို့ရတယ်။ ဒါပေမယ့် လောကမှာ အမှန်တရားက လွဲလို့ တကယ်တမ်းကျတော့ အားကိုးရာ မရှိဘူး။ ငါ အမှန်တရားမှာပဲ ရပ်တည်မယ်။

ဒီလုလင်ရဲ့ပုံကို ကြည့်ပြီး သူ ကောင်းကောင်း သိတယ်။ အလွန် ကြမ်းတမ်းတယ်။ သူ့ကို ရအောင် ခေါ်တယ်ဆိုတာ သတ်မလို့ဆိုတာလည်း ဘုရားလောင်းက သိတယ်။ ဒါကြောင့် လိမ်ညာလိုက်မယ်၊ အကြောင်းအမျိုးမျိုးပြပြီး ဥပဒေကို လက်တစ်လုံးခြားလုပ်ပြီး လှည့်ပတ်လိုက်မယ်ဆိုလည်း ရတယ်။ သူ့ကို မင်းကြီး မပိုင်ပါဘူးဆိုပြီးတော့ ပြောမယ်ဆိုရင် သူ ကောင်းကောင်း ပြောတတ်တယ်။ ဒါပေမယ့် အဲ့ဒီလမ်းကို သူ မရွေးဘူး။

သောကြာကြယ်များသည် မိုးအခါ၊ နွေအခါ၊ ဆောင်းအခါ ဘယ်အခါ ကာလမှာပဲဖြစ်ဖြစ် သူ့ရဲ့ လမ်းကြောင်းကို မတိမ်းမစောင်း သွားသလိုမျိုး ဝိဓုရအမတ်ကြီးကလည်း သစ္စာလမ်းကြောင်းကိုပဲ မတိမ်းမစောင်းဘဲ လျှောက်မယ်လို့ ဆုံးဖြတ်လိုက်တယ်။

www.thitsarparamisociety.com



## ကျေးကျွန်လေးမျိုး

ဝိဓူရက ဘာပြောလဲဆိုတော့ လောကမှာ ကျွန်လေးမျိုး ရှိတယ်။ ကျွန်မက မွေးလို့ ကျွန်ဆက်ဖြစ်ရတဲ့ အိမ်ပေါက်ကျွန်။ ငွေနဲ့ဝယ်ထားတဲ့ ငွေဝယ်ကျွန်။ အလိုအလျောက် လာပြီးတော့ ကျွန်ခံကြတဲ့ ကျွန်တွေဆိုတာလည်း ရှိတယ်။ နောက် စစ်ပွဲမှာ နိုင်လို့ ဖမ်းလာတဲ့ သုံ့ပန်းကျွန်ဆိုတာလည်း ရှိတယ်။

ငါဟာ တတိယမြောက် အမျိုးအစား၊ အလိုအလျောက် မင်းကြီးရဲ့ထံမှာ ကျွန်လာပြီးတော့ ခံတဲ့ ကျွန်တစ်မျိုးပဲ။ ဒါကြောင့် ငါ့ကို မင်းကြီး ပိုင်တယ်လို့ ပြောလိုက်တယ်။ အဲ့သလို ဆုံးဖြတ်တာနော်။ ဒီဆုံးဖြတ်ချက်ဟာ သူ့ကို အသေသတ်မယ့် ဆုံးဖြတ်ချက်ပဲ။ ဟုတ်လား။

ဒါပေမယ့် သူ့ကိုသတ်မယ့် အဲ့ဒီအမှန်တရားကို သူဟာ ရှောင်သလားဆိုတော့ မရှောင်ဘူး။ ဒီလိုအမှန်စကားမျိုးကို ပြောတာ ပရမတ္ထသစ္စာပါရမီ ထိုက်တယ်။

ပါရမီတရားတွေက ရိုးရိုးပါရမီ ရှိတယ်။ ဥပပါရမီ ရှိတယ်။ ပရမတ္ထပါရမီ ရှိတယ်။ အသက်စွန့်

www.thitsarparamisociety.com



ပြီးတော့ သစ္စာတရားကို စောင့်ထိန်းခြင်းသည် သစ္စပရမတ္ထပါရမီလို့ ခေါ်တယ်။ အခု ဝိဓူရအမတ်ကြီးရဲ့ သစ္စာ စကားမျိုးပေါ့။

အဲဒီတော့ ပုဏ္ဏကဘီလူးက ဝိဓူရအမတ်ကြီးကို ခေါ်သွားတယ်။ ခေါ်ကတည်းကိုက သူ့ဟာသူ အလိုလို သေအောင်လို့ဆိုပြီး မြင်းရဲ့အမြီးကို ဆွဲခိုင်းပြီးတော့ ခေါ်သွားတာ။

သူကိုယ်တိုင် သတ်လို့ရှိရင်လည်းပဲ ဝိဓူရရဲ့နှလုံးသားကို တရားသဖြင့် ရတယ်လို့ မထင်မှာစိုးလို့၊ သူ့အလိုလို သေအောင် လုပ်တာ။ ဣရန္ဒတီကို ရချင်ရင် ဝိဓူရရဲ့နှလုံးသားကို တရားသဖြင့် ရအောင် ယူခဲ့ရမယ်လို့ ဣရန္ဒတီရဲ့ အဖေက ဆိုထားတာကိုး။ ဒါကြောင့် သူကိုယ်တိုင် မသတ်ဘဲနဲ့ သူ့အလိုလို သေအောင်လုပ်တာ။ တောင်အထွတ်တွေနှင့် ငြိပြီးတော့ သေအောင်လုပ်တာ ရှိတယ်။ ဟိမဝန္တာရဲ့ သစ်ပင်တွေနဲ့ တိုက်ပြီးတော့ သေအောင်လုပ်တာ ရှိတယ်။ အမျိုးမျိုးပေါ့။

နောက်ဆုံးတော့ နဂါးကြီးတွေ၊ ခြင်္သေ့ကြီးတွေ အမျိုးမျိုး ဖန်ဆင်းပြပြီးတော့ ကြောက်လန့်ပြီး သေ

www.thitsarparamisociety.com



အောင် လုပ်တာလည်း ရှိတယ်။ ဘုရားလောင်းက အလွန်တရာ သတိ သမာဓိ ပညာ အားကြီးတဲ့အတွက် ကြောင့် သူ ဘယ်လိုမှ သတ်လို့ မရဘူး။

ဦးဇင်းတို့ ပြောချင်တာက ဝိဓူရသုခမိန်ရဲ့ စောင့်စည်း လျှောက်လှမ်းတဲ့ ဒီလမ်းကြောင်းဟာ ဘာလဲလို့ မေးရင် သစ္စာတရား။ အဲ့ဒီသစ္စာဟာ မုသာ ဝေရမဏီသစ္စာ။ မမှန်တဲ့စကားကို သူ ရှောင်တယ်။ မှန်တာကိုပဲ သူ ပြောမယ်။ အဲ့ဒီသစ္စာမျိုးကို ဒကာ ဒကာမတို့၊ ဦးဇင်းတို့ ဖြည့်ဆည်းကြရမှာ။

သစ္စာပါရမီကို ဖြည့်ကျင့်တဲ့နေရာမှာ အရေး အကြီးဆုံးက အခု နောက်ဆုံးပြောလိုက်တဲ့ မုသာ ဝိရမဏသစ္စာ။ မှားယွင်းတဲ့ စကားကို ရှောင်ကြဉ်တဲ့ သစ္စာ။ ဒါက အရေးအကြီးဆုံးပဲ။

## မုသာဝါဒ၏ အပြစ်

မုသာဝါဒကို မြတ်စွာဘုရားက ဘယ်လောက် အထိ ရှောင်ကြဉ်စေချင်သလဲဆိုရင် –

**ဧကဓမ္မံ အတီတဿ၊ မုသာဝါဒိဿ ဇန္တုနော။**
**ဝိတိဏ္ဏပရလောကဿ၊ နတ္ထိ ပါပံ အကာရိယံ။**

www.thitsarparamisociety.com



တစ်ခုသော သစ္စာတရား တရားကို လွန်ပြီးတော့ လိမ်ညာကြတဲ့ ပုဂ္ဂိုလ်တွေ မလုပ်နိုင်တဲ့ အကုသိုလ်ဆိုတာ မရှိဘူးတဲ့။ လိမ်ရဲတဲ့ပုဂ္ဂိုလ် မလုပ်ရဲတဲ့ အကုသိုလ်ဆိုတာ မရှိဘူးလို့ ဆိုလိုတာ။

နောက်ပြီးတော့ **ဝိတိဏ္ဏပရလောကဿ**- တမလွန် လောကကို ခေါင်းထဲကို မထည့်တဲ့ နောက်ဘဝကို ဘယ်လိုမှကို မစဉ်းစားတဲ့ ပုဂ္ဂိုလ်မျိုးမှာလည်းပဲ မလုပ်နိုင်တဲ့ အကုသိုလ်ဆိုတာ မရှိဘူးတဲ့။

နှစ်မျိုး ပြောတယ်နော်။ လိမ်ညာတဲ့ စကားကို ပြောဆိုကြတဲ့ ပုဂ္ဂိုလ်တွေ၊ တမလွန်လောက ခေါင်းထဲ မထည့်ကြတဲ့ ပုဂ္ဂိုလ်တွေ မလုပ်နိုင်တဲ့ အကုသိုလ် ဆိုတာ မရှိဘူးတဲ့။ ဒီဂါထာလေးက စိဉ္စမာနရဲ့ မဟုတ်မတရား စွပ်စွဲတာကို အကြောင်းပြုပြီး ဟောထားတာ။

မုသာဝါဒရဲ့ ကြီးမားတဲ့ အပြစ်အနာအဆာကို ဒကာ ဒကာမတို့ ဦးဇင်းတို့ သတိထားမယ်ဆိုလို့ရှိရင် သစ္စာတရားရဲ့ စွမ်းရည်သတ္တိကလည်း တစ်ဖက်က ပေါ်လွင် ထင်ရှားလာစရာ အကြောင်းရှိတယ်။ သစ္စာဟာ ကောင်းမွန်သလောက် မုသားဟာ ဆိုးဝါးလှ

www.thitsarparamisociety.com



တယ်ဆိုတာကို ပြောချင်တာ။

## ရာဟုလောဝါဒသုတ္တန်

မှုသာဝါဒကို ရှောင်ကြည်ဖို့ ရှင်ရာဟုလာကို မြတ်စွာဘုရား ဟောပြတဲ့ အမ္ဗလဋ္ဌိက ရာဟုလော ဝါဒသုတ္တန်ဆိုတာ ပရိသတ်တို့ ကြားဖူးကြမယ် ထင်ပါတယ်။

မြတ်စွာဘုရားက ခုနစ်နှစ်သား ရာဟုလာ သားတော်ကို ဆုံးမတဲ့ ဆုံးမချက်ဟာလည်း စိတ်ဝင် စားစရာ ကောင်းတယ်။

ရှင်ရာဟုလာက သရက်ပင်ရင်းမှာ ဆောက် ထားတဲ့ သခ်မ်းကျောင်းလေးမှာ သီတင်းသုံးတာ။ မြတ်စွာဘုရား ကြွလာလို့ ရှိရင် ခြေထောက်တော်ကို ရေဆေးရအောင်ဆိုပြီးတော့ ခြေဆေးအင်းပျဉ်လေး၊ ခွက်ကလေးနဲ့ ထားတာရှိတယ်။

မြတ်စွာဘုရားက သူ့ရဲ့ရှေ့မှာ ထိုင်နေတဲ့ ရှင်ရာဟုလာကို အဲ့ဒီရေခွက်ကလေးကို ပြပြီးတော့ တရား ဟောတာ။

ရေခွက်ထဲမှာ ရေရှိတယ်။ အဲ့ဒီရေကို နည်း

www.thitsarparamisociety.com



နည်းပဲ ချန်ပြီးတော့ သွန်လိုက်တယ်။ နည်းနည်းလေးပဲ ကျန်တယ်။ အဲဒါကို ပြပြီးတော့ ရာဟုလာ ဒီ ရေခွက်ထဲမှာ ရေလေး နည်းနည်းလေး ကျန်တာကို မင်း မြင်လားလို့ မေးတယ်။ မြင်ပါတယ်ဘုရားဆိုတော့ လောကကြီးမှာ လိမ်ညာဖို့ မကြောက်တဲ့ ပုဂ္ဂိုလ်တွေ မုသားပြောဖို့ မကြောက်တဲ့ ပုဂ္ဂိုလ်တွေအတွက် သူတော်ကောင်းတရားဆိုတာ ဒီခွက်ထဲက ရေလိုပဲ နည်းနည်းလေးပဲ ရှိတယ်လို့ ပြောတယ်။

ခွက်ထဲက ရေနည်းနည်းလေးကိုပဲ မြတ်စွာဘုရားက သွန်ပစ်လိုက်တယ်။ သွန်ပစ်ပြီးတော့... ရာဟုလာ မုသားပြောဖို့ မကြောက်တဲ့ ပုဂ္ဂိုလ်ရဲ့သန္တာန်မှာ ဒီရေကို သွန်ပစ်လိုက်သလို သူတော်ကောင်းတရားတွေ အကုန်လုံး သွန်ပစ်လိုက်ပြီတဲ့။ ဘာမှ မရှိတော့ဘူးတဲ့။ ဒါက နောက်ထပ် ဉပမာတစ်ခုနော်။

နောက်ထပ် အဲဒီခွက်ကလေးကို မှောက်လိုက်တယ်။ ဘာမှ ရေမရှိတော့တဲ့ ခွက်ကလေးကို မှောက်ထားတယ်။ မှောက်ပြီးတော့ ချစ်သား ရာဟုလာ၊ ဒီမှောက်ထားတဲ့ ခွက်ကလေးကို မြင်လား။ မြင်ပါတယ်ဘုရားဆိုတော့ ရာဟုလာ.. ဟောဒီလောကမှာ

www.thitsarparamisociety.com



မှသားပြောဖို့ မကြောက်တဲ့ပုဂ္ဂိုလ်၊ မုသားပြောတဲ့ အလေ့ရှိတဲ့ ပုဂ္ဂိုလ်အတွက် သူတော်ကောင်းတရား တွေက မှောက်ထားလိုက်ပြီတဲ့။ ရေခွက်တစ်ခွက် တည်းနှင့် ဥပမာသုံးချက် ရှိသွားပြီနော်။

မှောက်ထားရေခွက်ကို ပြန်လှန်ပြီးတော့ ပြ တယ်။ မှောက်ထားလိုက်တာဆိုတော့ ရေက အကာတ် အသတ်လေးကအစ စစ်ပြီးတော့ ကျသွားပြီ။ ပြောင် သလင်းခါသွားပြီ။ ဘာမှ မရှိတော့ဘူး။

မြတ်စွာဘုရားက ဘာပြောလဲဆိုတော့ ချစ်သား ရာဟုလာ မုသားပြောတဲ့ အလေ့ရှိတဲ့ပုဂ္ဂိုလ်တွေရဲ့ သန္တာန်မှာ သူတော်ကောင်းတရားဟာ ဘာမှ မရှိ တော့ဘူး၊ ပြောင်သလင်း ခါနေပြီ။ ဒီလောက်အထိ ပြောတယ်။

ပြီးတော့ မြတ်စွာဘုရားက ရှင်ရာဟုလာကို နောက်ထပ် ပြောတာလေးတစ်ခု ရှိသေးတယ်။ ဘုရင်မင်းမြတ်ရဲ့ စစ်ပွဲတွေမှာ တိုက်ဖို့ ခိုက်ဖို့ မွေး ထားတဲ့ စစ်ဆင်ကြီးတွေ ရှိတယ်။

စစ်ဆင်ကြီးတွေက စစ်ပွဲမှာ တိုက်ကြပြီဆိုရင် ရှေ့ လက်နှစ်ဖက်နဲ့ တိုက်တယ်။ အစွယ်နဲ့လည်း ထိုး

www.thitsarparamisociety.com



တယ်။ နားရွက်နဲ့လည်း ခတ်တယ်။ နောက်ခြေ နှစ်ချောင်းနဲ့လည်း တိုက်တယ်။ အမြီးမှာလည်း လက်နက်တွေ ချည်ထားပြီးတော့ အမြီးကြီးနဲ့လည်း တိုက်ခိုက်တယ်။

ဒါပေမယ့် သူ့ရဲ့နှာမောင်းလေးကိုတော့ သူ့ရဲ့ပါးစပ်ထဲမှာ ထိုးထားတယ်။ အဲဒါကို ကြည့်ပြီးတော့ ဆင်ဦးစီးက 'ဩော်- ငါ့ရဲ့ဆင်ကြီးက ရဲစွမ်းသတ္တိရှိတာတော့ မှန်တယ်။ ဒါပေမယ့် အသက်စွန့်လောက်အောင်အထိတော့ ရဲစွမ်းသတ္တိ မရှိသေးဘူးလို့ စဉ်းစားတယ်'တဲ့။ ဘာလို့လဲဆိုတော့ နှာမောင်းလေးကို ပါးစပ်ထဲ ထိုးထားလို့။

နောင်တစ်ချိန်ကျတော့ စစ်ပွဲမှာ အဲဒီဆင်ကြီးဟာ တကယ့်ကို စိတ်အား ထက်သန်လာပြီးတော့ ရှေ့လက်နှစ်ဖက်နှင့်လည်း တိုက်တယ်။ နောက်ခြေနှစ်ဖက်နှင့်လည်း တိုက်တယ်။ အစွယ်နှင့်လည်း ထိုးတယ်။ ခေါင်းနှင့်လည်း တိုက်တယ်။ အကုန်လုံးရှိသမျှ သူ့ရဲ့ အင်္ဂါအစိတ်အပိုင်းတွေ အကုန်လုံး အသုံးချပြီးတော့ သူ တိုက်ခိုက်တယ်။

နောက်ဆုံး နှာမောင်းကိုတောင် ပါးစပ်ထဲ

www.thitsarparamisociety.com



မထည့်တော့ဘူး။ ရသမျှ အကုန် ဆွဲရမ်းပြီးတော့ တစ်ခါတည်း တွေ့သမျှ ဆွဲမွှေပြီးတော့ သူ အကြီး အကျယ် တိုက်ခိုက်တယ်။

အဲဒီအချိန်ကျတော့ ဆင်ဦးစီးက ဘယ်လို စဉ်းစားတုန်းဆိုတော့ 'ဪ… ငါ့ရဲ့ဆင်ကြီးဟာ အသက်ကိုတောင် စွန့်ပြီးတော့ တိုက်ခိုက်ပြီလို့ သူ စဉ်းစားတယ်'တဲ့။

မှုသားစကား ပြောရမှာ မကြောက်တဲ့ပုဂ္ဂိုလ် တွေက နှာမောင်းကိုတောင် မစောင့်ရှောက်တော့တဲ့ စစ်ဆင်လိုပဲ၊ သူတော်ကောင်းတရား ဘာကိုမှ မစောင့် ရှောက်တော့ဘူး။ ဘယ်လောက် ထိခိုက်တဲ့ ဟော ပြောချက်လဲ။ စဉ်းစားကြည့်နော်။

လိမ်တတ်တဲ့ပုဂ္ဂိုလ်အတွက် သူတော်ကောင်း တရားက ဘာတဲ့လဲ။ ဘာမှ မရှိတော့ဘူး။ နှာမောင်း ကိုတောင် မစောင့်ရှောက်တော့ဘူးဆိုရင် ဒီဆင်ကြီး ဟာ အသက်ကို မစောင့်ရှောက်တော့ဘူး။ အဲ့သလို လိမ်ညာတဲ့ စကားကိုပြောဖို့ မစောင့်ရှောက်တဲ့ လူ တစ်ယောက်သည် ဘာကိုမှ သူ စောင့်ရှောက်တယ် ဆိုတာ မရှိဘူးလို့ ပြောတာ။

www.thitsarparamisociety.com



ပရိသတ်အပေါင်း သူတော်ကောင်းတို့ မုသား စကားကို ရှောင်ကြဉ်ခြင်း၊ မှန်ကန်တဲ့ စကားကို ပြောဆိုခြင်းဆိုတဲ့ ဝစီသစ္စာစကားကို တည့်တည့် မတ်မတ်ဖြစ်အောင် ကျင့်သုံးနိုင်ဖို့ မလိုဘူးလား။ လိုတယ်။

သစ္စာတရားနဲ့ ပတ်သက်ပြီးတော့ အဓိက ဘာကို စောင့်စည်းရမှာလဲလို့ မေးရင် မှားယွင်းတဲ့ စကားကို ရှောင်ကြဉ်ဖို့။ မှန်ကန်တဲ့စကားကို ပြော ဆိုနိုင်ဖို့။

## သစ္စာပါရမီစစ်စစ်

ဒီနေရာမှာ ဦးဇင်းတို့ ပြောဖို့ ကျန်နေတာက သစ္စာပါရမီ စစ်စစ်ဖြစ်ဖို့ဆိုရင် မှားယွင်းတဲ့ စကားကို ရှောင်ကြည်ရုံနဲ့ မပြည့်စုံဘူး။ မှန်တဲ့စကားကိုပါ ပြောမှ ပြည့်စုံမှာ။ တချို့က မှားတာကိုတော့ မပြောဘူး။ ဒါပေမယ့် မှန်တာကိုလည်း မပြောဘူးဆိုပြီးတော့ ဆိတ်ဆိတ်နေတာလည်း ရှိတယ်။

မှန်တာကြီးကို ပြောလိုက်လို့ရှိရင် တစ်ခုခု ဖြစ်တော့မှာကိုး။ ဒါကြောင့် မှန်တာကို မပြောရဲဘူး။ ဒါပေမယ့် မှားတာကို ပြောတာ မဟုတ်ပါဘူးလေ

www.thitsarparamisociety.com



ဆိုပြီးတော့ မှားတာတော့ မပြောဘူး။ ဒါပေမယ့် မှန်တာလည်း မပြောရဲဘူး။ ဆိတ်ဆိတ်ပဲ နေတယ်။ အဲဒါလည်းပဲ မုသာဝါဒဝိရမဏီသစ္စာစစ်စစ် မဖြစ်သေးဘူး။ မှန်တာကို ပြောလိုက်မှ မုသာဝါဒဝိရမဏီသစ္စာ စစ်စစ် ဖြစ်တယ်။

## တရားအနှစ်ချုပ်

ပြောခဲ့တာတွေ အကုန်လုံးကို ပြန်ပြီး အနှစ်ချုပ်ကြည့်မယ်နော်။

ဘုရားလောင်း သုမေဓာရှင်ရသေ့ သစ္စာတရားနှင့် ပတ်သက်ပြီးတော့ သစ္စာပါရမီကို ဖြည့်ဆည်းတဲ့ နေရာမှာ သောကြာကြယ်သည် မိုးအခါမှာပဲဖြစ်ဖြစ်၊ နွေအခါမှာပဲဖြစ်ဖြစ်၊ ဆောင်းအခါမှာပဲဖြစ်ဖြစ် သူ သွားတဲ့လမ်းကြောင်းကို မတိမ်းစောင်းစေဘဲနဲ့ သွားသလို သင်ဟာလည်းပဲ သစ္စာလမ်းကြောင်းကို မတိမ်းစောင်းစေဘဲနဲ့ သွားနိုင်မယ် ဆိုလို့ရှိရင် သဗ္ဗညုတ ဉာဏ်ကို ရလို့ ဘုရားစင်စစ် ဧကန်ဖြစ်လိမ့်မယ်။ ဒါ သူ့ကိုယ်သူ ဆုံးမတာ။

ဦးဇင်းတို့ ဆက်ပြီးတော့ သစ္စာဆိုတာ သမုတိသစ္စာ ရှိတယ်။ ပရမတ္ထသစ္စာ ရှိတယ်။ ပရမတ္ထ

www.thitsarparamisociety.com



သစ္စာထဲမှာမှ သဘာဝသစ္စာရှိတယ်။ အရိယသစ္စာရှိတယ်။

အခုကထား ပြောခဲ့တာက 'ဝစီသစ္စာ'။ ဝစီသစ္စာမှာလည်း ဦးဇင်းတို့ **သဒ္ဒဟာပနသစ္စာ** သူတစ်ပါးက ကိုယ့်ကို ယုံကြည်စေချင်လို့ ပြောဆိုတဲ့ သစ္စာစကား။ **ဣစ္ဆာပူရဏသစ္စာ**-ကိုယ့်ရဲ့ အလိုဆန္ဒတစ်စုံတစ်ရာ ပြည့်ဝစေချင်လို့ ပြောဆိုတဲ့ သစ္စာစကား။ နောက်ဆုံး အရေးကြီးတဲ့ **မုသာဝိရမဏသစ္စာ**- လိမ်ညာလှည့်စား မဟုတ်မမှန်တဲ့ စကားကိုရှောင်ကြဉ်တဲ့သစ္စာ။ သစ္စာအမျိုးမျိုးနဲ့ ပတ်သက်ပြီးတော့ ဇာတ်တော်အမျိုးမျိုးကို ပြောခဲ့တယ်။

သစ္စာပါရမီကို ဖြည့်ဆည်းတဲ့နေရာမှာ အရေးကြီးလာလို့ရှိရင် ကိုယ် သစ္စာဆိုတဲ့အခါမှာ အစွမ်းသတ္တိထက်မြက်စေရမယ်ဆိုတဲ့ စိတ်ကူးလေးနဲ့လည်း မုသားစကားကို ရှောင်သင့်တယ်။ ကိုယ့်ရဲ့နှုတ်ကို မုသားနိုင်ငံ မဖြစ်စေဘဲနဲ့ သစ္စာနိုင်ငံဖြစ်အောင် လေ့ကျင့်သင့်တယ်ပေါ့။

သောကြာကြယ်များသည် သွားရာလမ်းကြောင်းကို မတိမ်းစောင်းသလို ကိုယ်လည်းပဲ သဘာဝ

www.thitsarparamisociety.com



လောကကြီးရဲ့ အမှန်တရားတွေကို သိဖို့မြင်ဖို့အတွက် သစ္စာလမ်းကြောင်းကို မတိမ်းစောင်းစေဘဲနဲ့ ပြောဆိုနိုင်ကြမယ်ဆိုရင် သစ္စာပါရမီကို ဖြည့်ဆည်းရာရောက်ပါတယ် ။

အားလုံးသော ပရိသတ်အပေါင်း သူတော်ကောင်းတို့သည် သစ္စာပါရမီကိုလည်းပဲ စင်ကြယ်သန့်ရှင်းအောင် အားကောင်းအောင် ဖြည့်ဆည်းပြီးတော့ နောက်ဆုံး မဂ်ဉာဏ် ဖိုလ်ဉာဏ် မြတ်နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ကြပါစေလို့ ဦးဇင်းတို့ ဆန္ဒပြုပြီးတော့ မေတ္တာပို့ရင်းဖြင့် သစ္စာပါရမီတရားတော်ကို အဆုံးသတ်ကြရအောင်နော်...။

**အရှင်ဥတ္တမ**(သစ္စာရွှေစည်)
သစ္စာရွှေစည်ကျောင်းတိုက်
ရွှေမင်းဝံရပ်၊ စစ်ကိုင်းမြို့။

၁၂.၁၀.၂၀၁၇